


# နိဗ္ဗာန်ဆိုတာဘယ်လိုပါလိမ့်

( ၁၈ - ၆ - ၆၂ )

၆၂

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ်(၁၁)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသောတရားတော်

# နိဗ္ဗာန်ဆိုတာ ဘယ်လိုပါလိမ့်

(၁၈-၆-၆၂)

သစ္စာမသိလို့ရှိရင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတယ်နော်၊ သစ္စာမသိကြလို့ရှိရင် မင်းတို့ခန္ဓာကိုယ်တွေဟာ ဘယ်လိုဖြစ်မယ်ဆိုတာ ငါသဗ္ဗညုတဉာဏ်တော်တည်းဟူသော အမြင်နဲ့ ပြောရလို့ရှိရင်ကွာတဲ့ ကောင်းကင်မြောက်တဲ့တုတ်လိုဖြစ်မယ်၊ ဘယ်လိုဖြစ်မတုံး. . . (ကောင်းကင်မြောက်တဲ့တုတ်လို ဖြစ်မှာပါဘုရား)၊ ကောင်းကင်မြောက်တဲ့တုတ်လို ဖြစ်မယ်တဲ့။

တုတ်ဆိုတာ အရင်းအဖျားရှိတယ်၊ အရင်းအဖျားရှိတော့ကို မြောက်လိုက်တဲ့အခါကျတော့ ကျချင်တဲ့ဘက်က ကျမယ်၊ အမြဲတမ်း ပုံသေမှန်းခြေကိုက်ရှိရဲ့လား . . . (မရှိပါဘုရား)။

ဘယ့်နှယ်ကြောင့် မှန်းခြေကိုက် မရှိပါလိမ့်မတုံး. . . လို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့်-တဲ့၊ ကိုယ်၏လက်ဆအတိုင်း ကျချင်သလို ကျပြီးသကာလ အရင်းကျလိုက်၊ အဖျားကကျလိုက်၊ အလယ်က အဖုကလေးရှိရင်လဲ အလယ်ကကျလိုက်၊ ကိုစောမောင်ကျချင်သလို ကျနေမှာပဲ. . . (မှန်ပါ့)။

ဘယ့်နှယ်ကြောင့် ကျချင်သလို ကျမလဲလို့ ဘုန်းကြီးတို့ ဒကာဒကာမတွေက မေးလို့ရှိရင်ဖြင့် မပြဲလို့. . . (မှန်ပါ့)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ဘာပဲလုပ်နေနေ သစ္စာမသိသေးရင် ခင်ဗျားတို့ သံသရာထဲမှာ ကျချင်သလို ကျလိမ့်မယ်၊ မမြဲသေးဘူးသာမှတ် . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

## သစ္စာမသိရင် ကိုယ်ကျိုးနည်းမယ်

သစ္စာမသိသေးရင် သံသရာထဲမှာဖြင့် နတ်ဖြစ်လို့လဲ ဒီတစ်ခါ ရှုံးရရှာတယ်၊ နောက်တစ်ခါ နတ်ကနေပြီးသကာလ အဝီစိငရဲကိုလဲ ကျချင်လဲ ကျသွားမှာပဲ၊ အဖျားက ကျချင်လဲ ကျသွားမှာပဲ၊ မောင်နိုင် မြဲပါ့မလား . . . (မမြဲပါဘုရား)။

အဲဒါတွေ သေသေချာချာ စဉ်းစားတော့မှ ဩော် . . . သစ္စာမသိလို့ရှိရင်ဖြင့် ကိုယ်ကျိုး အကြီးအကျယ် နည်းပါပေါ့လား . . . (မှန်ပါ့)။

မောင်နိုင် သစ္စာမသိရင် (ကိုယ်ကျိုးအကြီးအကျယ်.နည်းပါတယ်ဘုရား) ကိုယ်ကျိုး အကြီးအကျယ်နည်းပါပေါ့လား ဆိုတဲ့ ဥစ္စာ ဒကာဒကာမတွေ သစ္စာမသိတဲ့ပုဂ္ဂိုလ် လုပ်နေတဲ့အလုပ်ဟာကို စောမောင် စဉ်းစားကြည့်၊ မောင်နိုင်စဉ်းစားသာကြည့် ဒကာကြီးလှိုင် စဉ်းစားကြည့်၊ ပေါ်ပါလိမ့်မယ်နော် . . . (မှန်ပါ့) ဒီသားမယားနဲ့ပဲ လူ့ပြည်, နတ်ပြည် ရောက်ချင်တယ်။

မောင်နိုင် - သစ္စာသိတဲ့ ပုဂ္ဂိုလ်လျှုတာလား၊ သစ္စာမသိတဲ့ ပုဂ္ဂိုလ်လှူတာလား၊ (သစ္စာမသိတဲ့ ပုဂ္ဂိုလ်လှူတာပါဘုရား)၊

လူ့ပြည်နတ်ပြည်ဖြစ်တယ်ဆိုတော့ ဇာတိဇရာ မရဏလာရမှာလား မလာရမှာလား . . . (လာရမှာပါဘုရား) ဩော် . . . ဒို့ ဇာတိ, ဇရာ, မရဏကို ပန်းနဲ့ဝယ်ယူတယ်ဆိုတဲ့ အဓိပ္ပာယ်လဲ မရောက်ဘူးလား . . . (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ယခု-လက်ရှိခန္ဓာကြီး ပန်းလှူတဲ့ ခန္ဓာကြီးကလဲ ကိုစောမောင်က ဆုံးဖြတ်ချက်ချ၊ ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား) အို-နာ-သေရှိတယ် . . . (မှန်ပါ့) ၉၆-ပါး ရောဂါတွေကော . . . (ရှိပါတယ်ဘုရား)။

ဒီဒုက္ခသစ္စာ ရှိလျက်နဲ့ ဒီပန်းတစ်ပွင့်နဲ့ လူ့ပြည်, နတ်ပြည် ရချင်တယ်ဆိုတော့ ပန်းတစ်ပွင့်နဲ့ပဲ ဒုက္ခသစ္စာ ဝယ်ယူတယ် (မှန်ပါ့) လက်ဆောင် ထိုးပြီးသကာလ အသေခိုင်းတဲ့ ဖြစ်စဉ်သမားနဲ့ တူနေတယ် . . . (မှန်ပါ့) ဦးဘကလေး မတူဘူးလား (တူပါတယ်) အခု အသေရှိလျက်နဲ့ အသေရှာတဲ့ အဓိပ္ပာယ် ဒကာကြီးလှိုင် ရောက် မရောက် . . . (ရောက်ပါတယ်ဘုရား)။

ဒါ . . . ဘာတုံးဆိုတော့ နောက်လာမည့် **"ဇာတိပိ ဒုက္ခသစ္စံ ဇရာပိ ဒုက္ခသစ္စံ မရဏမ္ပိ ဒုက္ခသစ္စံ"** ဆိုတဲ့ ဒုက္ခသစ္စာ မသိလိုက်တာ . . . (မှန်ပါ့) မသိလိုက်တဲ့အတွက် ကိုစောမောင် . . . ဘာတွေရသတုံး . . . (ဒုက္ခတွေ ရပါတယ်ဘုရား)။

ဒါက မသိဘူးဆိုတော့ ဒကာဒကာမတွေက ဖြုန်းခနဲတော့ မရှင်းပေဘူးတဲ့၊ ကိုယ့်ခန္ဓာ ဒုက္ခသစ္စာ မသိမှုက ရှေ့ကျနေတာနဲ့

နောက်ခန္ဓာလဲ မသိတော့ဘူး (မသိပါဘုရား)။

ဒကာကြီးလှိုင် ပေါ်ပလား . . . (ပေါ်ပါပြီ) ကိုဝတို့ ပေါ်ပြီနော် . . . (ပေါ်ပါပြီဘုရား)။

ကိုယ့်ခန္ဓာကို ဒုက္ခသစ္စာလို့ မသိတော့ ဟို . . . လာလတ္တံ့ ခန္ဓာကြီးကို သူက သိသေးရဲ့လား . . . (မသိပါဘုရား)။

ဒါဖြင့် သစ္စာမသိတဲ့အတွက် ခုနင်က ကောင်းကင်မြှောက်လိုက်တဲ့ တုတ်လို ဒုက္ခသစ္စာထဲပဲ ပြန်ကျတယ် . . . (မှန်ပါ့)။

အပါယ်ဒုက္ခသစ္စာထဲ ပြန်ကျလိုက်၊ သုဂတိ ဒုက္ခသစ္စာထဲ (ပြန်ကျလိုက်ပါဘုရား) ဘယ်သစ္စာက သုခပါသေးသတုံး . . . (မပါ, ပါဘုရား)။

ဒါ ဘယ့်နှယ်ကြောင့် ဒီအလုပ်တွေကို တွင်တွင်ကြီး လုပ်နေပါလိမ့်မတုံး၊ လုပ်နည်း ဒို့ပြင် ပြောင်းပါဦးတော့လား။ ဒီပန်း တစ်ပွင့်နဲ့နိဗ္ဗာန်ရအောင် လုပ်ချင်လို့ရှိရင် အရသားနဲ့ ဘယ့်နှယ်ကြောင့် လူတွေ, နတ်တွေ, ဗြဟ္မာတွေ ထည့်ချင်ပါလိမ့်မတုံးလို့ အမေးထုတ်လို့ ရှိရင်ဖြင့် မောင်နိုင် ပေါ်ပါပြီ (ပေါ်ပါပြီ)၊ဘာမသိလို့တုံး (သစ္စာမသိလို့ပါဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒီသစ္စာကွယ်ရင် ခင်ဗျားတို့မှာ သံသရာခရီးသည်ဘဝ မဆုံးတော့ဘူး . . . (မှန်ပါ့)။

သစ္စာကွယ်ရင် . . . (သံသရာခရီးသည်ဘဝ မဆုံးတော့ပါဘုရား)။

ဒါဖြင့် ကိုဝတို့ အကြီးအကျယ် လုပ်ဖို့ကောင်းတယ် . . . (မှန်ပါ့ဘုရား)။

အကြီးအကျယ် လုပ်ဖို့ကောင်းတယ်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီ)။

## သစ္စာသိအောင်လုပ်စမ်းပါ

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အင်မတန် ဟောရှာပါတယ်၊ သစ္စာများကွာ သိအောင်လုပ်စမ်းပါဟ . . . တစ်နေ့ လုံ့အချက်သုံးရာထိုး . . . အသက်တစ်ရာနေတဲ့ ပုဂ္ဂိုလ်ဟာ ထိုးပစေကွ၊ တစ်နေ့ သုံးရာ . . . သုံးရာ . . .၊ နောက်ဆုံးပိတ်မှာ သစ္စာပြောမယ်ဆိုရင် ခံသာခံလိုက်လို့ တစ်နေ့က ပြောလိုက်သေးတယ် . . . (မှန်ပါ့ဘုရား)။

သစ္စာမသိလို့ရှိရင် လည်လှီးသေရမည့် ဘဝတွေ၊ သူများ ပါးစပ်ထဲမှာ သေရမည့်ဘဝတွေနဲ့ စာလိုက်လို့ရှိရင်ကွာ . . . တဲ့၊ လှံ့အချက် သုံးရာ, သုံးရာဆိုတာ မပြောပလောက်ပါဘူး၊ ရေတွက်လို့ ရပါသေးတယ် . . . (မှန်ပါ့)၊ နောက် အသေဆိုးတွေဟာ ရေတွက်လို့မရဘူး . . . (မှန်ပါ့)။

ဦးဘကလေး ဘယ်လောက်ဆိုးဝါးသလဲ (ဆိုးဝါးပါတယ် ဘုရား)။

ဒါကြောင့် ဒီ-ဒကာဒကာမတွေ ဒီသစ္စာအကြီးအကျယ်

ပြောနေတာ၊ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

သစ္စာမသိတာလောက် လောကကြီးထဲ ဆိုးဝါးတာဖြင့် ဘာမှမလုပ်တတ်တဲ့ပုဂ္ဂိုလ် အဓိပ္ပာယ်ရောက်တယ် . . . (မှန်ပါ့ဘုရား) မရောက်ဘူးလား . . . (ရောက်ပါတယ်ဘုရား)။

လှူလဲ-မလှူတတ်ဘူး၊ ပေးလဲမပေးတတ်ဘူး၊ ကမ်းလဲမကမ်းတတ်ဘူး . . . ကိုယ့်ဟာကိုယ်လဲ ဘာမှန်းမသိဘူးဆိုတော့ စုံလုံးကန်းကျနေတယ် . . . (မှန်ပါ့) သဘောပါလား . . . (ပါပါတယ်ဘုရား)။

စုံလုံးကန်းကျတော့ကို ဘယ့်နှယ် ဖြစ်နေသတုံးလို့ မေးတဲ့အခါကျတော့ မျက်စိကန်းတွေကို စုပြီး ဆင်ကိုပြသလို ဖြစ်နေတယ်၊ ဒီအတိုင်းမကျပေဘူးလား - (ကျပါတယ်ဘုရား)။

ဗိုက်စမ်းမိတဲ့လူကလဲ မင်းဆင်ပြောစမ်းပါလို့ လူတစ်ယောက်က မေးလို့ရှိရင် ဆင်ဆိုတာ အိုးနဲ့တူတယ်ပြောမှာပဲ (မှန်ပါ့) ဆင်စစ်သိသေးရဲ့လား . . . (မသိပါဘုရား) နှာမောင်းစမ်းမိတဲ့လူက ဆင်ဆိုတာနွယ်ကြီးနဲ့တူတယ်လို့ ပြောမှာပဲကိုး၊ ခြေထောက်စမ်းမိတဲ့သူကလဲ ဆင်ဟာတိုင်ကြီးနဲ့တူတယ်လို့ ပြောမှာပဲ၊ သူစမ်းမိရာသာ သူပမာနထားလိမ့်မယ်၊ သစ္စာမသိလို့ (မှန်ပါ့)။

အဲဒီလောက်ကျအောင် ခင်ဗျားတို့ ဆိုးဝါးသွားလိမ့်မယ်ဆိုတဲ့ အဓိပ္ပာယ်ရှင်းကြပါပြီ. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် သစ္စာသိအောင်လုပ်ဖို့ အရေးဟာဖြင့် အလွန်ကြီးတော့တယ် ဆိုတာဖြင့် ခင်ဗျားတို့ ဘာမှ ဆင်ခြေလဲ မနေနဲ့တော့

ဘုရားက အရေးအကြီးဆုံးတရားလို့ ဟောတယ်လို့ မှတ်လိုက် . . . (မှန်ပါ့)။

ဒကာကြီးလှိုင် အရေးအကြီးဆုံးတရားဆိုတာ . . . ရှင်းပြီ နော် . . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ . . . သစ္စာမသိတော့ ဒကာဒကာမတွေက ဒို့ကံ တွေ လုပ်နေတာပဲ ကံတွေ အမျိုးမျိုးလုပ်နေတာပဲ၊ ဒို့ဒါနကံတွေ၊ သီလကံတွေ၊ အမျိုးမျိုးလုပ်ပြီး သကာလနေတာပဲ၊ ဒါတွေ နိဗ္ဗာန် မရောက်ဘဲရှိပါ့မလားလို့ ဒကာဒကာမတွေက ဆင်ခြေလဲချင်လဲ မယ်၊ မလဲပေဘူးလား . . . (လဲပါတယ်ဘုရား)။

လဲတဲ့အခါကျတော့ ဘုန်းကြီးကလဲ အကိုးအကားကလေး ထုတ်ပြပြီး ဒကာဒကာမတွေကို ရှင်းပြပါ့မယ်နော် . . . (မှန်ပါ့)။

## နိဗ္ဗာန်သည် ကံကလုပ်ထားတာမဟုတ်

ရှင်းပြတော့ မိလိန္ဒမင်းကြီးက ရဟန္တာဖြစ်တဲ့ ရှင်နာဂသိန် ကို မေးတယ်၊ လောကကြီးထဲမှာ ဘုရား . . .၊ ကံကြောင့်ဖြစ်တယ် ဆိုတာတွေလဲ ထင်ရှားပါတယ်တဲ့၊ လူ့ပြည်က နတ်ဖြစ်တဲ့ကံတွေ လုပ်လိုက်လို့ရှိရင် နတ်ကောင်ကြီး သွားဖြစ်တယ် ဆိုတာ မောင်နိုင် မထင်ရှားဘူးလား . . . (ထင်းရှားပါတယ်ဘုရား)။

တစ်နည်းအားဖြင့်လဲ ဟေတု-အကြောင်းတွေ ဆိုတာလဲ အများကြီးရှိပါတယ်တဲ့၊

ဥတုကြောင့်ဖြစ်တဲ့ သစ်ပင်တွေ၊ တောင်တွေကော မရှိဘူးလား . . . (ရှိပါတယ်ဘုရား)။

လောကကြီးထဲမှာ ဒီအကြောင်းရှိတဲ့အကြောင်း သုံးကြောင်း တပည့်တော် နားလည်ပါတယ်တဲ့။

အကြောင်းမရှိဘဲနဲ့ ဖြစ်နေတဲ့ တရားကို တပည့်တော် သိချင်တယ်တဲ့၊ ကပ်တာလို့လဲ မဆိုနဲ့ ကိုစောမောင် . . . (မှန်ပါ) အဓိပ္ပာယ်ပေါ်စေချင်လို့ မေးရှာတာ . . . (မှန်ပါ)။

လောကကြီးထဲမှာ ကံကြောင့် ဖြစ်တယ်ဆိုတာလဲ တပည့်တော် သိပါတယ်တဲ့၊ နတ်ပြည်တွေ ဘာတွေဆိုတာ ဘုံတွေလဲ ကံ၊ က ဆောက်တာပဲ၊ အကောင်အထည်တွေလဲ ကံ၊ကပဲ လုပ်ပေးတယ်ဆိုတာ တပည့်တော်သိပါတယ် . . . တဲ့၊ ဒို့ပြင် ရုပ်နာမ်တွေ ဖြစ်တယ်ဆိုတာလဲ သဟဇာတ တကွ ဖြစ်တဲ့ အကြောင်းတွေကြောင့် ဖြစ်ပေါ်နေတယ်ဆိုတာ တပည့်တော်သိပါတယ်၊ သစ်ပင်- ရေ၊ မြေ၊ တော၊ တောင်တွေဟာ ဥတုကြောင့် ဖြစ်နေတယ်ဆိုတာ တပည့်တော် သိပါတယ်။

အဲဒီအကြောင်းသုံးခု လွတ်ပြီးရှိနေတဲ့ တရားအကြောင်း သုံးခုလွတ်တဲ့တရား ပြောစမ်းပါ၊ ကံ၊ကလဲ မပါဘူး၊ ဟေတုအစရှိသည်လဲ မပါဘူး၊ ဥတုတည်းဟူသော အကြောင်းလဲ မပါဘဲနဲ့ ဖြစ်တာ အရှင်ဘုရား ပြောစမ်းပါဆိုတော့ ဒကာကြီးလှိုင် မေးကွက်က အတော်စေ့တယ် . . . (စေ့ပါတယ်ဘုရား)။

အဲဒီမှာ ဟိုက ဖြေလိုက်တယ်၊ ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်က **ဒကာကြီး . . . တဲ့၊ ဟာလာဟင်းလင်းဆိုတဲ့** ကောင်းကင်ကြီးဟာ ဘယ်သူမှ လုပ်ထားတာ မဟုတ်ဘူးတဲ့။

ကံ, က လုပ်လားတာလဲ မဟုတ်ဘူးတဲ့ ကိုစောမောင် ဟာလာဟင်းလင်း ကောင်းကင်းကြီးဟာလေ . . . (မှန်ပ့ါ)၊ခင်ဗျား အထက်က ကောင်းကင်မရှိဘူးလား . . . (ရှိပါတယ်ဘုရား) အဲဒီ အမိုး ဒီဘက်ကြားထဲရှိတဲ့ ကောင်းကင်ပေ့ါဗျာ . . . (မှန်ပ့ါ)၊ဘယ်သူ လုပ်ထားတာလို့ ဆိုမတုံး . . . (ဘယ်သူမှ လုပ်ထားတာ မဟုတ်ပါ ဘုရား)။

ဘယ်သူ လုပ်ထားတာမှ မဟုတ်ဘူး၊ ဟေတု လုပ်ထားတာလား၊ နှစ်ဆယ့်လေးပစ္စည်း လုပ်ထားတာလားဆိုတော့လဲ မဟုတ်ဘူး၊ သဘောကျပြီလား . . . (ကျပါပြီ)၊ ဒါဖြင့် ဥတုက လုပ်ထားတာလားဆိုတော့လဲ မဟုတ်ဘူး၊ သဘောကျပလား . . . (ကျပါပြီ)။

ဒါဖြင့် ကောင်းကင်ဟာ အကြောင်းသုံးပါး မလွတ်ဘူးလား (လွတ်ပါတယ်ဘုရား)။

ဒါတွင် မကသေးဘူး ဒကာကြီးတို့ နိဗ္ဗာန်ဟာ ကံ,က လုပ်ထားတာလဲ မဟုတ်ဘူးတဲ့၊ ပေါ်ပလား . . . (ပေါ်ပါပြီ)။

ဒါဖြင့် နိဗ္ဗာန်က ကံ,ကလုပ်ထားတာ မဟုတ်ဘူးဆိုတာ သေချာကြပလား . . . (သေချာပါပြီဘုရား)။

ကိုဝတို့က စဉ်းစားရမယ်. . . ကိုပေါ်တို့က စဉ်းစားရမယ်၊

ကံ,ကလုပ်ထားရင် ကံ,ပျက်ရင် ပျက်မယ် . . . (မှန်ပ့ါ) ဘာပြုလို့တုံး . . . ကံ, ကုန်လို့ စုတေတယ်ပြောကြတယ် . . . (မှန်ပ့ါ)။

ကိုဝ သဘောပါပလား . . . (ပါပါပြီ) ကံ,ကလုပ်ရင် ကံကုန်ရင် ဘာဖြစ်မလဲ . . . (ပျက်ပါမယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဟာ ကံ,ကလုပ်ထားတာ ဟုတ်ပါရဲ့လား . . . (မဟုတ်ပါဘုရား)။

ဘာ့ကြောင့်တုံး၊ ခုဝနိဗ္ဗာန်, နိစ္စနိဗ္ဗာန် အမြဲတမ်း ခိုင်မြဲတဲ့နိဗ္ဗာန်ဖြစ်နေတော့ ကံနဲ့ကော စပ်သေးရဲ့လား . . . (မစပ်ပါဘုရား)။

ကိုစော်မောင် ဟေတုအစရှိသော အကြောင်းတွေနဲ့ကော (မစပ်ပါဘုရား) ဥတုနဲ့ကော . . . (မစပ်ပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည်ကားလို့ ဆိုလို့ရှိရင် ဒကာဒကာမတို့ ကံ, ဥတု, သဟဇာတ အစရှိသည် လွတ်ပြီး သကာလ ဖြစ်တဲ့တရား (မှန်ပ့ါ) ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

ဒါဖြင့် ကျုပ်ဖြင့် . . . ကျုပ်ကံနဲ့ကျုပ်ပဲ ရောက်ရမှာပဲဆိုတဲ့ အသွားဟာ မောင်နိုင်သွားပြီ . . . (မှန်ပ့ါ) ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

သူလုပ်ထားတာဖြင့်လဲ သူက အကြောင်းဆိုလို့ရှိရင် ဟိုက အကျိုးဖြစ်ရမယ် . . . (မှန်ပ့ါ) သူ့အကြောင်း ဖြစ်လို့ရှိရင်လဲ ကိုစောမောင်က စဉ်းစား ကံကုန်လို့ ကုန်ရဦးမှာပဲ . . . (ကုန်ရ

ပါမယ်ဘုရား) ဒီလိုကုန်တဲ့တရားကော ဟုတ်ကဲ့လား . . . (မဟုတ်ပါဘုရား) ဒကာကြီးလှိုင် သဘောကျပလား . . . (ကျပါပြီ)။

နောက်က ဒကာဒကာမတွေ . . . (ပေါ်ပါပြီဘုရား) နိဗ္ဗာန်ဟာ ကံနဲ့စပ်ရဲ့လား . . . (မစပ်ပါဘုရား)။ ကံလုပ်ထားတာလို့ ဆိုနိုင်မလား . . . (မဆိုနိုင်ပါဘုရား)။

မဆိုနိုင်ဘူးဆိုတော့ ဥတုတို့လုပ်ထားတာကော . . . (မဟုတ်ပါဘုရား)။

ဥတုတို့လုပ်ထားလို့ရှိရင်လဲ ကမ္ဘာမီးလောင်တော့ ဥတုကနေဖျက်ချတော့ ပါသွားမှာပေါ့ . . . (မှန်ပ့ါ) မပါပေဘူးလား (ပါပါတယ်ဘုရား)။

ဒီပြင် သဟဇာတ, ဟေတု အစရှိသော အကြောင်းတွေက လုပ်ထားတာလို့ကော ကိုစောမောင်က ဆိုချင်သေးသလား . . . (မဆိုချင်ပါဘုရား)။

ဒါဖြင့် ကံ, ဟေတု ဥတုအစရှိသော အကြောင်းတွေက မလုပ်နိုင်ခြင်းကြောင့် နိဗ္ဗာန်ဟာ ကံပျက်လို့လဲ မပျက်ပါဘူး (မှန်ပ့ါ) သဘောကျပလား . . . (ကျပါပြီ)။

နတ်ပြည်ဘုံတွေ ပေါက်တယ်၊ ကံကုန်တော့ ဘုံပျောက်တယ် (မှန်ပ့ါ) ခန္ဓာပါ ပျောက်တယ်၊ မပျောက်ဘူးလား . . . (ပျောက်ပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဒီပြင်ဟာတွေကတော့ဖြင့်တဲ့

မမြဲဘူးဆိုတဲ့ဥစ္စာသိနေတော့ နိဗ္ဗာန်က ဘယ်အကြောင်းနှင့်မှ ဘယ်သူလုပ်ထားတာမှ မဟုတ်သောကြောင့် မြဲတယ် . . . (မှန်ပါ့)။

## နိဗ္ဗာန်ကိုလုပ်ထားတဲ့အကြောင်းမရှိပါ

အဲဒါကြောင့် အဲဒီ နိရောဓသစ္စာကို ခင်ဗျားတို့ အရကြိုးစားရမယ် (မှန်ပါ့)၊ သူ့ကို လုပ်ထားတဲ့အကြောင်း မရှိဘူး . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

လုပ်ထားတဲ့အကြောင်း (မရှိပါဘုရား) လုပ်တဲ့အကြောင်း ရှိလို့ရှိရင် ဒီအကြောင်းကုန်ရင် အကျိုးကုန်မယ် (မှန်ပါ့) မကုန်ပေဘူးလား (ကုန်ပါတယ်ဘုရား)၊အဲဒါဖြင့် ဒီလိုကုန်တဲ့ တရားမျိုးကော ဟုတ်ပါရဲ့လား . . . (မဟုတ်ပါဘုရား)။

အဲဒါကြောင့် ဒီနိဗ္ဗာန်ကို နိရောဓသစ္စာလို့ ခေါ်ပါတယ် (မှန်ပါ့) နိဗ္ဗာန် ဘာသစ္စာခေါ်မယ် (နိရောဓသစ္စာ ခေါ်ပါတယ်ဘုရား)၊ နိရောဓသစ္စာလို့ခေါ်တယ်ဆိုတာ ရှင်းပလား . . . (ရှင်းပါပြီ) ကိုစောမောင် . . . (ရှင်းပါပြီ)။

ကဲ . . . ဒါဖြင့် အဲဒီ နိရောဓသစ္စာကြီးဟာ ကံကလဲ လုပ်ထားတာ မဟုတ်ဘူး၊ ဥတုလုပ်ထားတာလဲ မဟုတ်ဘူး၊ ဟေတုအစရှိသည်တို့ကလဲ လုပ်ထားတာမဟုတ်တော့ ရှိလဲရှိတယ် အမြဲတမ်းရှိတယ် ကိုစောမောင် . . . (မှန်ပါ့)။

ဘယ့်နှယ့်ကြောင့် တပည့်တော်တို့ မရောက်၊ မတွေ့မမြင်

ကြပါလိမ့်မလဲလို့ ကိုပေါ်တို့ ကိုဝတ့်က မေးမယ်ဆိုရင် မေးစရာကြီးပဲ . . . (မှန်ပါ့)၊ မေးစရာ မကောင်းဘူးလား . . . (ကောင်းပါတယ်ဘုရား)။

ဒါဖြင့် အခုပြောလိုတဲ့ အဓိပ္ပာယ်ကော ကိုစောမောင်ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)၊ကံနဲ့မစပ်ဘူးလား . . . (မစပ်ပါဘုရား)၊ မစပ်ဘူးဆိုတာ သေချာပလား (သေချာပါပြီ)။

အဲဒါကြောင့် ဒီဒကာဒကာမတွေကလဲ ဩော်. . . နိဗ္ဗာန်ကံက လုပ်ထားတာပဲ၊ သို့သော်လဲ ကံတွေက ကုသိုလ်ကံ၊ အကုသိုလ်ကံတွေကလဲ နည်းတာတွေမဟုတ်ဘူး၊ ဒီအကြောင်းတွေလုပ်လို့ရှိရင် ဟိုအကျိုး နိဗ္ဗာန်ရလိမ့်မယ်လို့ သွားပြီးမယူလိုက်ပါနဲ့ ကံကလုပ်ထားတဲ့ နိဗ္ဗာန်မဟုတ်လို့ ကံအကျိုးမဟုတ်ဘူး (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ကံအကျိုး မဟုတ်ဘူးဆိုလို့ရှိရင်ဖြင့် ဒကာဒကာမတွေကပြောင်းပြီး သေသေချာချာ မှတ်လိုက်တော့ ဉာဏ်အကျိုးပဲပေါ့ . . . (မှန်ပါ့) ပေါ်လာပြီ . . . (ပေါ်ပါပြီဘုရား)။

ကံအကျိုးမဟုတ်ဘူးဆိုရင် (ဉာဏ်အကျိုးပါဘုရား)၊ဉာဏ်၏ အကျိုးတရား . . . (မှန်ပါ့)၊ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

ဉာဏ်ကပို့မည့်နိဗ္ဗာန်

ကံအကြောင်းတရားကြောင့်တော့ မဆိုင်ဘူး . . . (မှန်ပါ့) ဉာဏ် အကြောင်းတရားကြောင့်တော့ (ဆိုင်ပါတယ်ဘုရား)။

ကိုစောမောင် နိဗ္ဗာန်သွားချင်ရင် ခင်ဗျား ဉာဏ်စခန်း အလုပ် လုပ်ရလိမ့်မယ် . . (မှန်ပါ့)၊ နောက် ဒကာဒကာမတွေ (ဉာဏ်စခန်းအလုပ် လုပ်ရပါမယ်) ဉာဏ်နဲ့ လုပ်ရလိမ့်မယ်နော် (မှန်ပါ့) ကိုစောမောင် ဒါလဲ ဉာဏ်ကလုပ်ထားတဲ့ နိဗ္ဗာန်တော့ မဟုတ်ဘူးနော် . . . (မဟုတ်ပါဘုရား)၊ဉာဏ်က ပို့မည့်နိဗ္ဗာန်သာ ဖြစ်တယ်၊ သူ့မှာ ဘယ်သူမှ လုပ်ထားတာမဟုတ်ဘူး (မှန်ပါ့) နို့မို့ ဉာဏ်ပျက်ရင် သူပျက်ဦးမယ်၊ သဘောကျပလား . . (ကျပါပြီ ဘုရား)။

အဲဒါကြောင့် နိဗ္ဗာန်ဆိုတာသည် ကံလမ်းလား ဉာဏ်လမ်း လားလို့ မေးကြလို့ရှိရင် ဒကာဒကာမတွေ ကံပို့မှာလား၊ ဉာဏ်ပို့မှာ လားဆိုတာ သေသေချာချာ ဝေဖန်ပါ . . . (ဉာဏ်ပို့မှာပါဘုရား)။

ဩော် . . . ဒါဖြင့် ဉာဏ်စခန်းသိပ်အရေးကြီးလာပြီ ဆိုတာ ကိုပေါ်တို့ ကိုဝတို့ ပေါ်ပြီ . . . (ပေါ်ပါပြီဘုရား)၊ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)။

နိဗ္ဗာန် ကံလမ်းလား၊ ဉာဏ်လမ်းလားမေးရင် (ဉာဏ်လမ်း ပါဘုရား)၊ ဉာဏ်လမ်းနော် . . . (မှန်ပါ့)၊ အဲဒါ ကိုပေါ်တို့လူစုက ယောင်ချာချာ လုပ်ပြီးသကာလ သူများပြောတာနဲ့ မင့်မှာ ကံတွေ

နည်းတာတွေ မဟုတ်ဘူးကွာ၊ မင်းတော့ သေချာပါပြီဆိုပြီး ပြော မနေနဲ့ဦး၊ ကံလုပ်ထားတာ မဟုတ်ဘူးဆိုတာ သေချာပြီမဟုတ်လား . . . (သေချာပါပြီဘုရား)။

ကံလုပ်ရင်၊ ကံပျက်ရင် . . . (ပျက်ပါတယ်ဘုရား) ဒီလို ပျက်တဲ့ပစ္စည်းမျိုးလား . . . (မဟုတ်ပါဘုရား) ကောင်းကောင်း ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အေး. . . ဒါကြောင့် ကံက ဥပတ္ထမ္ဘကသာဖြစ်တယ် ကိုစောမောင်၊ အထောက်အပံ့ပဲ. . (မှန်ပါ့) နိဗ္ဗာနပစ္စယော = နိဗ္ဗာန် ၏ အထောက်အပံ့သည်၊ ဟောတု = ဖြစ်စေသတည်း၊ ကိုဝ-ဒီလို မလာဘူးလား . . . (လာပါတယ်ဘုရား)။

ဒါဖြင့် အထောက်အပံ့ပဲ၊ သူကအရောက်လား၊ အထောက် အပံ့လား . . (အထောက်အပံ့ပါဘုရား)။

အထောက်အပံ့ပဲဆိုတာ မသေချာဘူးလား (သေချာပါ တယ်ဘုရား)၊အေး . . . ဒါတွေလဲ စဉ်းစားတော့မှ ဩော် . . . ကံ ထဲ ဉာဏ်စွက်ဦးမှ ရမှာပါကလား . . . (မှန်ပါ့)၊ဘယ်လိုမှတ်ကြမယ် (ကံထဲဉာဏ်စွက်ဦးမှ ရမှာပါဘုရား)။

ကံထဲ ဉာဏ်စွက်ဦးမှ ရမယ်ဆိုတာကလဲ သေသေချာချာ မှတ်ဖို့ အရေးကြီးပါတယ်နော် . . . (မှန်ပါ့)။

ကိုင်း . . ဒါဖြင့် နိဗ္ဗာန်ကြီးဟာ ကံလုပ်ထားတာလဲမဟုတ်၊ ဥတုလုပ်ထားတာလဲမဟုတ် ဟေတုအစရှိသည် လုပ်ထားတာလဲ

မဟုတ်သောကြောင့် သဘာဝဓမ္မရှိနေတဲ့သဘော (မှန်ပါ့)၊ ဒါဖြင့် တစ်ယောက်တလေ မျက်စိလည်ပြီး တိုးမိဖို့မကောင်းဘူးလားဆိုတဲ့ စကားမျိုးလဲ လောကသုံးမယ်ဆို သုံးနိုင်တယ် . . (မှန်ပါ့)၊မသုံးနိုင်ဘူးလား . . . (သုံးနိုင်ပါတယ်ဘုရား)။

နောက်က ဒကာဒကာမတွေ မသုံးနိုင်ဘူးလား (သုံးနိုင်ပါတယ်ဘုရား)။

## ဉာဏ်၏လက္ခဏာပြောပါ့မယ်

သုံးနိုင်တော့ ဘုန်းကြီးရှင်းပြပါ့မယ် . . . တဲ့၊ မိလိန္ဒမင်းကြီးကလဲ မေးတယ် ကိုစောမောင် . . . (မှန်ပါ့)။

အရှင်ဘုရား . . . ဉာဏ်၏ လက္ခဏာ ပြောစမ်းပါတဲ့၊ ဉာဏ်မေးတာကိုး၊ ခုနင်က နိဗ္ဗာန်မေးပြီးပြီ . . . (မှန်ပါ့)၊ဉာဏ်မေးလာပြန်တယ် ကိုဝရေ . . . (မှန်ပါ့)၊ဉာဏ်မေးလာတော့ ဉာဏ်၏ လက္ခဏာ ပြောစမ်းပါဦးဘုရားတဲ့ . . . (မှန်ပါ့)။

အို . . . ဒကာကြီး ဉာဏ်ဆိုတဲ့ ဥစ္စာသည်ကားလို့ ဆိုလို့ ရှိရင်ဖြင့်တဲ့၊ ထိုးထွင်းသိမြင်တဲ့ စွမ်းရည်သတ္တိရှိတယ်၊ ဥပမာကလေး ဆောင်စမ်းပါဦး ဘုရား တဲ့ . . . (မှန်ပါ့)။

ဒကာကြီး မှောင်ထဲမှာ မီးထွန်းလိုက်ပါ၊ မှောင်ထဲမှာ မီးထွန်းလိုက်တဲ့၊ ဒကာဒကာမတွေနော် . . . (မှန်ပါ့)၊ မှောင်ထဲ မီးထွန်းလိုက်တဲ့အခါကျတော့ ဒီမီးလဲရောက်ရော အမှောင်ကော

. . . (ပျောက်ပါတယ်ဘုရား)၊အလင်းရော . . . (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ဒီမီးသည်ကားလို့ဆိုရင် အလင်းပေးတာလဲ သူပဲ၊ အမှောင်ပျောက်တာလဲ သူပဲ . . . (မှန်ပါ့)၊ရှိတဲ့ပစ္စည်း အဲဒီအမှောင်အောက်မှာ ရှိနေတဲ့ပစ္စည်းကို မြင်အောင်ပြတာလဲ ဘယ်သူပါလိမ့် . . . (မီးပါပဲဘုရား)။

ဟာ. . . မီးဟာ ကိုဝ တော်တော် အရေးကြီးပါကလား . . . (ကြီးပါတယ်ဘုရား)၊ကိုပေါ် ဘယ့်နှယ်တုံး . . . (ကြီးပါတယ်ဘုရား)။

အမှောင်ဖျောက်ပေးတာလဲ (မီးပါပဲဘုရား)၊ အလင်းပေးတာလဲ . . . (မီးပါပဲဘုရား)၊ အဲဒီအမှောင်အောက်မှာ နဂိုကရှိနေတဲ့ မမြင်တဲ့ပစ္စည်းကို မြင်အောင်ယူပြတာလဲ . . . (မီးပါပဲဘုရား)

ဉာဏ်၏လက္ခဏာ ဒီအတိုင်းပဲ၊ အဝိဇ္ဇာမှောင်ကိုလဲ ဖျောက်ပေးတယ်၊ ပညာတည်းဟူသော သူ့အရောင် အလင်းလဲ ထွက်ပါတယ် (မှန်ပါ့) ရှိနေတဲ့ နိဗ္ဗာန်လဲပြပါတယ် (မှန်ပါ့)။

ဒီအထဲက ဉာဏ်စခန်းဆိုတာ ပေါ်လာပြီ . . . (ပေါ်လာပါပြီဘုရား) ဒကာဒကာမတွေ ဘယ်လိုပေါ်လာပါလိမ့် . . . (ဉာဏ်စခန်းပေါ်လာပါတယ်ဘုရား)။

ဩော် . . . ဒါဖြင့် ဒို့တင်းတိမ်နေတာ မတင်းတိမ်သင့်သေ

ဘူး . . . (မှန်ပါ့) ဒါန-သီလနဲ့လဲ တင်းတိမ်နေတာ (မတင်းတိမ် သင့်သေးပါဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ သူက အမှောင်ဖျောက်တယ်လို့လဲ မလာဘူး . . . (မှန်ပါ့)၊ အလင်းပေးတယ်လို့ကော . . . (မလာပါဘုရား)၊ ရှိတာတွေ ပြတယ်လို့ကော (မလာပါဘုရား)၊ ဉာဏ်ကမှ လာပါတယ် . . . (မှန်ပါ့)၊ **ပေါ်ကြပြီလား** . . . (ပေါ်ပါပြီဘုရား)။

ဩော် . . . ဒါဖြင့် ဒီဒကာဒကာမတွေ မသိတာကို ကိုယ်က အတော် ဖော်ပြောနေရတယ် . . . (မှန်ပါ့)၊ နို့မဟုတ်လို့ရှိရင် ခင်ဗျားတို့က ကံ-အမိ၊ ကံ-အဖနဲ့ပဲ ကိုပေါ်တို့က ခပ်ပြုံးပြုံး သေချင်သေပစ်လိုက်မှာ . . (မှန်ပါ့ဘုရား)၊ ရောက်ပါ့မလား . . (မရောက်ပါဘုရား)။

မရောက်နိုင်ဘူးတဲ့၊ အမှောင်ကပျောက်ကဲ့လား (မပျောက်ပါဘုရား) အလင်းကိုပေးရဲ့လား (မပေးပါဘုရား)၊ ဒါဖြင့် ရှိတဲ့ အထည် ဝတ္ထုပြပါ့မလား (မပြပါဘုရား)၊ ဒါဖြင့် ဘယ်သူကမှပြမယ် ဆိုတာ ကိုစောမောင်က ဆုံးဖြတ်ချက်ချ (ဉာဏ်ကမှ ပြပါတယ် ဘုရား) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ဩော် . . . ဒါကြောင့် ခင်ဗျားတို့ကို တရားအားထုတ်ကြစမ်းပါ၊ တရားအားထုတ်ကြစမ်းပါဆိုတာ မတိုက်တွန်းသင့်ဘူးလား၊ တိုက်တွန်းသင့်သလား . . . (တိုက်တွန်းသင့်ပါတယ်ဘုရား)။

## နိဗ္ဗာန်ကို ဘာ့ကြောင့်မတွေ့မမြင်ကြပါလိမ့်

အမြဲရှိနေတဲ့ နိဗ္ဗာန်ကြီးကို ခင်ဗျားတို့က အမှောင်ကွယ်နေတော့ ဘယ်တော့မှ မမြင်ဘူး (မမြင်ပါဘုရား)၊ခင်ဗျားတို့ ဉာဏ်က မလင်းရင်ကော (မမြင်ပါဘုရား)၊ ဒါဖြင့် ရှိနေတဲ့ပစ္စည်းကော . . . (မမြင်ပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်ကို ဘယ့်နှယ်ကြောင့် မရောက် မတွေ့ မမြင်ကြပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့မှ အဝိဇ္ဇာမှောင်ထုကြီး ရှေ့က ခံနေတယ် (မှန်ပါ့)၊ပညာအလင်းရောင်ကတော့ ကျုပ်တို့မှာ မရှိဘူး (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ပညာအလင်းရောင်က မရှိပါဘုရား။ ဒါဖြင့် အမြဲတမ်းရှိတဲ့ နိဗ္ဗာန် ဘယ်တော့မှ မတွေ့ရဘူး . . . (မှန်ပါ့) ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တို့ ဘာအရေးထားပြီး ကြိုးစားဦးမှ သင့်မြတ်မယ် ဆိုတာဖြင့် ယနေ့ပေါ်သွားပြီ (ပေါ်သွားပါပြီ)၊ ဘာအရေးထားရမလဲ (ဉာဏ်အရေးထားရပါမယ်ဘုရား) ဉာဏ်အရေး ထားရဦးမယ် နော် . . . (မှန်ပါ့)။

အဲဒီကျတော့မှ ကိုပေါ်တို့ ကိုဝတို့က ပေါ်လာတယ်၊ သြော် . . . ဝဋ်ဘဝတိုတိုနဲ့ နိဗ္ဗာန်မဂ်ဖိုလ်ကြီး ရောက်ရပါလို၏ဆိုတော့ မနေ့ကပြောခဲ့တဲ့ အချောင်သမား သွားဖြစ်တယ် . . . (မှန်ပါ့)၊ အချောင်လိုချင်တဲ့သဘော မရောက်ဘူးလား . . . (ရောက်ပါတယ်

ဘုရား) ရပ့်မလား . . . (မရနိုင်ပါဘုရား)၊ညဏ်အလင်းမှ မပါဘဲ (မှန်ပ့ါ) သဘောကျပလား . . . (ကျပါပြီဘုရား)။

ညဏ်ကမှ ခုနင်က အင်္ဂါသုံးပါးကို ရွက်ဆောင်နိုင်တာ . . . (မှန်ပ့ါ) အမှောင်ပျောက်တာက ညဏ်၊ အဝိဇ္ဇာအမှောင်ပျောက်တယ် . . . (မှန်ပ့ါ)၊ ဝိဇ္ဇာအလင်းပေးတာလဲ . . . (ညဏ်ပါဘုရား) ရှိတာကို မြင်ရတာလဲ . . . (ညဏ်ပါဘုရား)။

ဒါဖြင့် ကိုစောမောင် ပေါ်ရောပေ့ါဗျာ . . . (ပေါ်ပါပြီ) ဒကာကြီးလှိုင် ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဆုတောင်းအလုပ်လား၊ ညဏ်အလုပ်လားဆိုတာ သေချာကြပလား (သေချာပါပြီဘုရား) သေချာကြပြီနော် . . .။

ဆုတောင်းအလုပ်လား၊ ညဏ်အလုပ်လားဆိုတာ ကိုပေါ်တို့ ကိုဝတို့တော့ ယနေ့ပြောပါပြီ၊ ဆုံးဖြတ်ချက်ချပါ (ညဏ်အလုပ်ပါဘုရား) ညဏ်စခန်းယက်သက်ပဲဆိုတာဖြင့် စဉ်းစားလေလေ ပေါ်လေလေဆိုတဲ့ အဓိပ္ပာယ်ဖြင့် ဘာမှပြောဖို့မလိုပါဘူး (မလိုပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီး ဘာပြောရမတုံး မေးတဲ့အခါကျလို့ရှိရင် နိဗ္ဗာန်ရောက်ချင်လို့ တရားနာကြတာတွေ ဖြစ်နေတော့ ကိုဝ ညဏ်ပဲပြောနေရတာပဲ . . . (မှန်ပ့ါ) ကိုပေါ် ဘာဟောရမလဲ (ညဏ်ဟောရပါမယ်ဘုရား) ညဏ်ကို အရေးတကြီး ပြောရမယ်

(မှန်ပါ့) ဒကာဒကာမတို့ ဘာပြောရမလဲ (ဉာဏ်ကို အရေးတကြီး ပြောရပါမယ်ဘုရား)။

ဉာဏ်ကို အရေးတကြီး ပြောရမယ်ဆိုတော့ ဉာဏ်ကမှလဲ အမှောင်ပျောက်မယ် . . . (မှန်ပါ့) သဘောကျပလား . . (ကျပါပြီဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ဘယ်ပါဠိတော်မှာပဲ ကြည့်ကြည့် ဒုက္ခေ ဉာဏံဆိုတာ ခင်ဗျားတို့ ဒုက္ခသိတဲ့ဉာဏ်ပဲလို့ ဆိုလိုတယ်၊ ဒုက္ခသမုဒယေ ဉာဏံ၊ သမုဒယဖြတ်တာလဲ ဉာဏ်ပဲ (မှန်ပါ့)၊ ဒုက္ခနိရောဓေ ဉာဏံ ဆိုတာကော (ဉာဏ်ပါပဲဘုရား)၊ ဉာဏ်ကမှ နိဗ္ဗာန်မြင်တာကိုး (မှန်ပါ့)၊ **"ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ"** တဲ့ . . . (မှန်ပါ့)၊ အင်း . . . ဉာဏ်ချည့်လာပါကလား . . . (မှန်ပါ့)။

ကဲ . . . ကိုဝ ပေါ်ပလား (ပေါ်ပါပြီ) နောက်က ဒကာဒကာမတွေ ပါဠိတော်ကြည့်၊ ဒုက္ခေ ဉာဏံ . . . တဲ့၊ ဒုက္ခသိတာကော (ဉာဏ်ပါဘုရား) ဒုက္ခသမုဒယေ ဉာဏံ . . . တဲ့။ သမုဒယသစ္စာ သိတာကော . . . (ဉာဏ်ပါဘုရား) သူ ဖြတ်ပေးတာလဲ ဉာဏ်ပဲ . . . (မှန်ပါ့)။

ဒုက္ခနိရောဓေ ဉာဏံ . . . တဲ့၊ ဒုက္ခချုပ်ငြိမ်းတဲ့ နိဗ္ဗာန်မြင်တာကော . . (ဉာဏ်ပါပဲဘုရား)။

**ဒုက္ခနိရောဓဂါမိနိယာ ပဋိပဒါယ ဉာဏံ** . . . တဲ့၊ မလာဘူးလား . . . (လာပါတယ်ဘုရား)။

အင်း . . . ဒါဟာ ဘုန်းကြီးက စကားတတ်လို့ ပြောနေတာလား၊ မောင်နိုင် . . . သူ့ပါဠိတော်ကို ဒီလိုရှိတာလား . . . (ပါဠိတော်က ဒီလိုရှိတာပါဘုရား)။

အဲဒါဖြင့် ဒကာဒကာမတို့ နိဗ္ဗာန်ဟာ ကံလမ်းလား၊ ဉာဏ်လမ်းလား မေးပြီ . . . (ဉာဏ်လမ်းပါဘုရား)၊ ဒီအထဲ ရှင်းသွားပြီ . . . (မှန်ပါ့) ကိုဝ အကိုးအကား လုံလောက်ပလား (လုံလောက်ပါပြီ)၊လုံလောက်ပြီဆိုတော့ ဩော် . . . တို့သည်ကားလို့ ဆိုလို့ရှိရင် ဉာဏ်မျက်လုံးတပ်ပြီး ပေးမည့်သူ မရှိလို့ရှိရင် ကိုယ်ကျိုးနည်းပေါ့ . . . (မှန်ပါ့) ။

နောက်က ဒကာဒကာမတွေ . . . (ကိုယ်ကျိုးနည်းပါပြီဘုရား) ဘာတပ်မည့်လူ မရှိရင် . . . (ဉာဏ်မျက်လုံးတပ်ပေးမည့်သူ မရှိရင်ပါဘုရား)။

ကံမျက်လုံး တပ်ပေးလို့တော့ ခင်ဗျားတို့သွားပြီ (မှန်ပါ့) ဉာဏ်မျက်လုံး တပ်ပေးမှသာလျှင် ကိုဝ-မအို, မသေ, အမြဲနေတဲ့ နိဗ္ဗာန်ရောက်မယ် . . . (မှန်ပါ့) ကံမျက်လုံးတပ်ပေးလို့ရှိရင် အထောက်အပံ့ပဲ ဖြစ်နေဦးမှာပဲ (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

## ကံမျက်လုံးထက် ဉာဏ်မျက်လုံး အရေးကြီးတယ်

ဒါဖြင့် ကံမျက်လုံးထက် ဒကာကြီးလှိုင် ဉာဏ်မျက်လုံး

အရေးကြီးတယ် . . . (မှန်ပါ့) ဘာတဲ့တုံး . . . (ကံမျက်လုံးထက် ဉာဏ်မျက်လုံး အရေးကြီးပါတယ်ဘုရား)၊ ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)။

ဩော်. . . ဒါဖြင့် ဉာဏ်မျက်လုံးတပ်မှပဲ ကိုစောမောင် နေရာကျတော့မယ် . . . (မှန်ပါ့) ကံမျက်လုံးဖြင့် . . . (နေရာမကျပါဘုရား) နေရာမကျသေးဘူး၊ ဒါနဲ့ တင်းတိမ်နေလို့ မတော်သေးဘူးဆိုတာလဲ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ကံက အထောက်အပံ့သာရမယ်၊ ဉာဏ်က အရောက်ပို့မယ် (မှန်ပါ့)၊ ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)၊ ကံက (အထောက်အပံ့သာရပါမယ်ဘုရား) ဉာဏ်က (အရောက်ပို့ပါမယ်ဘုရား)။

ဒါဖြင့် အထောက်အပံ့ ခင်ဗျား ဟောဟိုနားသွားဗျာ . . . ကျုပ်ဒီလောက်တော့ လိုက်ပို့လိုက်မယ်ဆိုတာနဲ့ အရောက်လိုက်ပို့တဲ့ လူနဲ့ ကိုစောမောင်တို့က ဘယ်ဟာ ကျေးဇူးတင်သလဲ (အရောက်ပို့တဲ့လူ ကျေးဇူးတင်ပါတယ်ဘုရား)။

သူကမှ လမ်းသိတာကိုး . . . (မှန်ပါ့) ကံကတော့ ဟောဟိုထက်ဝက်လောက် အဲ. . . အဲ. . . အဲဒီလောက်ဆိုရင် သွားတတ်ပါပြီဗျာ . . . ဆိုပြီး သူပြန်လာခဲ့မှာပဲ . . . (မှန်ပါ့)။

တော်တော်ကြာ ကိုယ်က မျက်စိလည်ဦးမှာပဲ (မှန်ပါ့) မလည်ပေဘူးလား . . . (လည်ပါတယ်ဘုရား)။

ကံက မျက်စိလည်နေလို့ နတ်ပြည်, ဗြဟ္မာ့ပြည်ရလဲ ခုန်ခုန် ချနေကြတာပဲ၊ မျက်စိလည်မှုတွေပေါ့၊ အပါယ်လေးပါး ရောက်နေ တာတွေလေ (မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီ)။

ဒါဖြင့် ကံက အထောက်အပံ့သာ ဖြစ်သောကြောင့် အဆုံး ရောက်အောင် မပို့နိုင် . . . (မှန်ပါ့) သဘောကျပလား . . . (ကျ ပါပြီဘုရား)၊ဉာဏ်ကဖြင့် . . . (အဆုံးရောက်အောင် ပို့နိုင်ပါတယ် ဘုရား) ပို့နိုင်တယ်ဆိုတာ သေချာပလား . . . (သေချာပါပြီဘုရား)။

ကိုင်း . . . ဒါဖြင့် ခင်ဗျားတို့ရတဲ့ ဟေတုပစ္စယောထဲက နှစ်ဆယ့်လေး ပစ္စည်းထဲက ကိုစောမောင် မဂ္ဂပစ္စယောသာ ရွတ်ပေ ရော့ . . . (မှန်ပါ့)။

ကဲ . . . ဒကာဒကာမတွေ ရွတ်စမ်း . . . (မဂ္ဂပစ္စယော) ကိုဝ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

နှစ်ဆယ့်လေးပစ္စည်းထဲမှာ ကြည့်ပါ. . . တဲ့၊ သူပဲ၊ မဂ္ဂပစ္စ ယော=ဒုဂ္ဂတိ, သုဂတိဘဝမှ လွတ်မြောက်ပြီးသကာလ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်တဲ့ တရားသည်လည်းကောင်း ဆိုတော့ မဂ္ဂင် ရှစ်ပါး လာနေတယ် . . . (မှန်ပါ့)၊ မလာဘူးလား (လာပါတယ် ဘုရား) ဘာလာသတုံး (မဂ္ဂင်ရှစ်ပါး လာပါတယ်ဘုရား) ကံ-ပါသေး သလား . . . (မပါ-ပါဘုရား)။

ဟော . . . ဒကာကြီးလှိုင် သေချာပလား . . . (သေချာ ပါပြီ) မဂ္ဂပစ္စယောဆိုတော့ ဒါကောက်ရပြီ၊ မဂ္ဂင်ရှစ်ပါးလေ . . .

(မှန်ပ့ါ) မကောက်ရဘူးလား . . . (ကောက်ရပါပြီဘုရား)။

မဂ္ဂင်ရှစ်ပါးဆိုတာလဲ ခေါင်းဆောင်က ဘယ်သူတုံး ဉာဏ်ပဲ . . . (မှန်ပ့ါ ဉာဏ်ပါဘုရား) ဉာဏ်ပဲဆိုတာ သေချာပလား . . . (သေချာပါပြီဘုရား)။

ဩော်. . . ဒါဖြင့် ဒီဒကာဒကာမတွေဟာ ဉာဏ်စခန်းမှ မလိုက်လို့ နေကြလို့ရှိရင်ဖြင့် ထက်ဝက်ပို့တာနဲ့ လမ်းမှာ မျက်စိလည်ချေရဲ့ . . . (မှန်ပ့ါ)၊ ကံစခန်းနဲ့ နေလိုက်ရင်လေ . . . (မှန်ပ့ါ) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ကံပေါ် ဉာဏ်ဆင့်မှရမယ် . . . (မှန်ပ့ါ) ဘယ်လိုမှတ်ကြမယ် . . . (ကံပေါ် ဉာဏ်ဆင့်မှ ရပါမယ်ဘုရား) ကံပေါ် ဉာဏ်ဆင့်မှ ရမယ်ဆိုတာဖြင့် ခင်ဗျားတို့ ဘာမှ သံသယမရှိဘဲနဲ့ ဉာဏ်ရဲ့ လက္ခဏာသာ ကြည့်လိုက် . . . (မှန်ပ့ါ) အမှောင်ပျောက်တာလဲ . . . (ဉာဏ်ပါပဲဘုရား) အလင်းပေးတာလဲ . . . (ဉာဏ်ပါပဲဘုရား) ရှိနေတဲ့ နိဗ္ဗာန်ကြီးပြတာလဲ (ဉာဏ်ပါပဲဘုရား)။ ဉာဏ်ပဲလို့ မိလိန္ဒပဉှာက ဟောထားတော့ ဉာဏ်စခန်း သိပ်အရေးကြီးပါကလား ဆိုတဲ့ဥစ္စာ အထူးသဖြင့်ကို ဒီနေ့ ပေါ်သွားပြီ . . . (မှန်ပ့ါ) မပေါ်ကြသေးဘူးလား . . . (ပေါ်ပါပြီဘုရား)။

**သေပျော်ပြီလို့ လုပ်မနေနဲ့**

အဲဒီ ခင်ဗျားတို့ချင်း နှုတ်ခမ်းပဲ့ချင်း မီးမှုတ်ပြီးသကာလ ခင်ဗျားတော့ သေပျော်ပြီလို့ လုပ်မနေနဲ့ ကိုစောမောင်ရေ . . . (မှန်ပါ့)၊ ခင်ဗျား ဘာမှ မလိုတော့ဘူး၊ စုံလို့ . . . တဲ့။

မစုံတာမှ သူမသိဘဲ . . . (မှန်ပါ့) ဘာကလေးလိုနေသတုံး (ဉာဏ်လိုနေပါတယ်ဘုရား)၊ ဉာဏ်လိုနေတယ်ဆိုတာ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ကြည့်လေ . . . "ဒုက္ခ နိရောဓေ ဉာဏံ" ကိုး၊ ဒုက္ခ နိရောဓေ = ဒုက္ခ၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်၌၊ ဉာဏံ = သိတဲ့ဉာဏ်သည် အရေးကြီးသကွတဲ့ . . . (မှန်ပါ့)၊ ဉာဏ်ကသိတယ်လို့ ပြောတာ (မှန်ပါ့)၊ ကံကသိတယ်လို့ပြောသလား (မပြောပါဘုရား)၊ ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် ဒကာဒကာမတို့ ဘယ်လမ်းကို ပြင်းပြင်းထန်ထန်လိုက်ရမလဲ . . . (ဉာဏ်လမ်းကို ပြင်းပြင်းထန်ထန် လိုက်ရပါမယ်ဘုရား)။

ဉာဏ်လမ်းကိုလိုက်မှ **"အာလောကော ဥဒပါဒိ"** ဆိုပြီး **ဉာဏ်အလင်းလာတာကိုး . . .** (မှန်ပါ့) **"ဝိဇ္ဇာဥဒပါဒိ"** ဆိုပြီးသကာလ ဝိဇ္ဇာမဂ္ဂင် မလာဘူးလား . . . (လာပါတယ်ဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား)။

**"ဉာဏံ ဥဒပါဒိ"** ဆိုတာတွေ ဉာဏ်လမ်းချည့် ပြောတာ

(မှန်ပါ့) မပြောဘူးလား . . . (ပြောပါတယ်ဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီ)။

## နိဗ္ဗာန်ဟာ အမြဲတမ်းရှိတဲ့တရား

ကဲ-ဒါဖြင့် ဉာဏ်လမ်းပဲ ဒကာဒကာမတွေကို အရေးတကြီး သင်ပါ့မယ်၊ သေလွယ်ကာ ပျောက်လွယ်ကာမို့ . . . (မှန်ပါ့)။

ကဲ. . ဒါဖြင့် အထူးကလေး တစ်ခါမှတ်လိုက်ပေတော့ နော်၊ ဒကာဒကာမတို့ ခင်ဗျားတို့ ကြားဘူးမယ်လဲ မဟုတ်ပါဘူးတဲ့၊ နိဗ္ဗာန်ဟာ အမြဲတမ်းရှိတဲ့တရား၊ ဘယ်သူလုပ်ထားတာမှ မဟုတ် သောကြောင့် အမြဲတမ်းရှိနေတယ် . . . (မှန်ပါ့)။

မျက်စိလည်ပြီး တွေ့ပါတော့လားလို့ မေးတဲ့အခါကျတော့ ကိုတဲ့ ကိုစောမောင် ဒီလိုမှတ်လိုက်၊ အဝိဇ္ဇာက တစ်ချက်ဖုံးတယ် . . . (မှန်ပါ့) အဝိဇ္ဇာကို ဖယ်လိုက်ပြန်တော့လဲ ခန္ဓာက တစ်ချက် ဖုံးတယ် . . . (မှန်ပါ့) ဘယ်နှစ်ချက်ရှိပလဲ . . (နှစ်ချက်ရှိသွားပါပြီ)။

အဲဒီအဝိဇ္ဇာ အရင်လှန်ပြီးသကာလ ခန္ဓာကို ခင်ဗျားတို့ ဝိပဿနာနဲ့လုပ် . . . (မှန်ပါ့)။

အဲဒီ ခန္ဓာမလိုချင်မှ ခန္ဓာဖုံးထားတဲ့ဆီက ပေါ်တော့မှ ခန္ဓာအဆုံး နိဗ္ဗာန်ပေါ်လာတယ် . . . (မှန်ပါ့)။

ဩော် . . . တော်တော် အရေးကြီးပါကလား (ကြီးပါတယ် ဘုရား)။

ဒီဥစ္စာ ခင်ဗျားတို့ ကြားဘူးမှာလဲ မဟုတ်ပါဘူး၊ အခုသေသေချာချာ ပြောတော့မှ ဟုတ်သားပဲ၊ ကိုယ့်ခန္ဓာမှာ ခန္ဓာငါးပါး ဖြစ်ပျက်တရား မမြင်တာက အဝိဇ္ဇာ . . . (မှန်ပါ့)။

တစ်ခါ ခန္ဓာကို ဖြစ်ပျက်တွေ့မြင်ပြန်တော့လဲ ဖြစ်ပျက်သာ မြင်ရတယ် နိဗ္ဗာန်လဲမတွေ့ဘူး . . (မှန်ပါ့)။ ခန္ဓာက တစ်ချက်ကွယ်ထားတယ်၊ သဘောကျပလား . . . (ကျပါပြီ)။

ဒါဖြင့် . . အဝိဇ္ဇာတဏှာတို့က တစ်ချက်ကွယ်လိုက်၊ ခန္ဓာက (တစ်ချက်ကွယ်လိုက်ပါဘုရား)။

အဲဒီခန္ဓာမရှိမှ "ခန္ဓနိရောဓော နိဗ္ဗာနံ. . . "ဆိုတော့ ဘယ်နှစ်ချက် ကွယ်သလဲ . . . (နှစ်ချက်ကွယ်ပါတယ်ဘုရား)။

**အဝိဇ္ဇာတဏှာက တစ်ချက် (မှန်ပါ့)၊ သဘောကျပြီလား** (ကျပါပြီ) ပြီးတော့မှ ဖြစ်ပျက်တွေဆိုလဲ ခန္ဓာတွေကလဲ ဖြစ်ပျက်ခန္ဓာကြီးကလဲ ဦးဘကလေး ကွယ်နေတယ် . . . (မှန်ပါ့) သဘောကျပလား . . .(ကျပါပြီ)။

## နိဗ္ဗာန်မှာ အကွယ်နှစ်ချက်ရှိ

အဲဒါ သူဆုံးမှပဲ ကိုစောမောင်ရေ ဘာတွေ့မလဲ (နိဗ္ဗာန်တွေ့ပါမယ်ဘုရား) ဒါဖြင့် . . . နိဗ္ဗာန်ဟာ အကွယ်ဘယ်နှစ်ချက်ရှိပါသတုံး . . . (နှစ်ချက်ရှိပါတယ်ဘုရား)။

နှစ်ချက်ရှိတယ်လို့ဆိုတော့၊ ဩော် . . ဒီနှစ်ချက်မှ ဆရာ

သမား ဖွင့်ဟပြီး တွန်းလှန်မပေးလို့ရှိရင်ဖြင့် ခင်ဗျားတို့၏ စွမ်းရည်သတ္တိနဲ့တော့ဖြင့် လဲသေသေ မရဘူး (မရပါဘုရား) မရနိုင်ဘူး။

ဦးလှိုင် မရနိုင်ဘူး၊ ဘယ်နည်းနဲ့မှ မရနိုင်တော့ဘူးဆိုတာ ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

အဲဒါကြောင့် ခင်ဗျားတို့ သြော်. . . တော်လောက်ပြီ ဆိုတဲ့ စကားမျိုး သင့်လောက်ပြီဆိုတဲ့ စကားမျိုးကို မသုံးသေးဘဲနဲ့ ဉာဏ်စခန်းပေါက်ရောက်မှ တော်လောက်ပြီဟော့ဆိုတာကို သုံးပါ . . . (မှန်ပါ့)။

ကိုပေါ် ရှင်းပလား . . . (ရှင်းပါပြီ) ဒါဖြင့် နိဗ္ဗာန်ဟာ အဖုံး ဘယ်နှစ်ချက်ဖုံးလို့ အကွယ်ဘယ်နှစ်ချက်ကွယ်ပြီး အကာဘယ်နှစ်ချက် ကာနေပါလိမ့်မတုံးဆိုတာ မောင်နိုင် ပေါ်သွားပြီ . . . (ပေါ်သွားပါပြီ)။

အဝိဇ္ဇာနဲ့တဏှာက (အဖုံးတစ်ချက်ပါ) ခန္ဓာက (တစ်ချက်ပါ) သဘောကျပလား . . . (ကျပါပြီ)။

ဒါဖြင့် ဒါကိုလဲ ဘုန်းကြီးက ကြံဖန်ပြောတဲ့စကားလားလို့ မေးတော့ အဝိဇ္ဇာတဏှာ ချုပ်မှလဲ **"တဏှာနိရောဓော နိဗ္ဗာနံ"** က ဟောထားတယ် . . (မှန်ပါ့) **"ခန္ဓနိရောဓော နိဗ္ဗာနံ"** ကလဲ ဟောထားတယ် . . . (မှန်ပါ့) ဒါဖြင့် နှစ်ချက်ကွယ်ဆိုတာ သေချာပလား . . . (သေချာပါပြီ) ပေါ်ကြပလား . . . (ပေါ်ပါပြီ) တဏှာနိရောဓော (နိဗ္ဗာနံပါဘုရား) **ခန္ဓနိရောဓော** (နိဗ္ဗာနံပါဘုရား)။

ကဲ . . . ကို၀ မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား) ဒီထဲက နိဗ္ဗာန်ဘယ်နှစ်ချက် ကွယ်နေတယ်ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ ချင့်ချိန်နိုင်ပါပြီ . . . (မှန်ပါ့)။

မောင်နိုင် ဘယ်နှစ်ချက်ပါလိမ့် (နှစ်ချက်ပါဘုရား) ဒကာဒကာမတွေ အင်မတန် ကံထူးအကြောင်းထူးလို့ ဒီအကြောင်း သိရပေတယ်ဆိုတာဖြင့် ၀မ်းအမြောက်ကြီး မြောက်ဖို့ပါပဲ (မှန်ပါ့ဘုရား) သဘောကျပလား . . . (ကျပါပြီ)။

ဒီအတိုင်းသာမည ဆရာသမားတွေနဲ့ တွေ့နေမယ်ဆိုလို့ ရှိရင်ဖြင့်၊ သာမညအသိလောက်နဲ့ ကိုယ်ကလဲ လမ်းဆုံးနေမယ် ဆိုလို့ရှိရင် ဒီအကွယ်နှစ်ခု ဘယ်လိုလုပ်ပြီး တွန်းလှန်ထုတ်မလဲ (မထုတ်နိုင်ပါဘုရား) မြင်သေးရဲ့လား (မမြင်ပါဘုရား)။

မမြင်နိုင်ဘူးတဲ့၊ ရှုဟဲ့ . . . ရှုဟဲ့ဆိုလို့သာ ရှုမှာကိုး (မှန်ပါ့)။

ကိုစောမောင် ရှုဆိုပေမယ့်လို့ ဖယ်ပြီးရှုရမှာကိုး (မှန်ပါ့) ဖယ်နည်း နိသာရည်းကို မရလို့ရှိရင်လည်းဦးဘကလေး သွားရောပေါ့ . . . (မှန်ပါ့) မသွားပေဘူးလား . . (သွားပါတယ်ဘုရား)။

နိဗ္ဗာန်မှာ အကာအကွယ် ဘယ်နှစ်ခုရှိနေလို့ ကျုပ်တို့ မကြုံရ၊ မတွေ့ရ၊ မရောက်ရပါလိမ့်မလဲလို့ မေးလို့ရှိရင်ဖြင့် ဒကာဒကာမတွေ ယနေ့ပေါ် သွားပြီ . . . (ပေါ်သွားပါပြီဘုရား)။

## အဝိဇ္ဇာနဲ့ တဏှာကွယ်တယ်

၁-က ဘယ်သူကွယ်သတုံး . . . (အဝိဇ္ဇာနဲ့ တဏှာကွယ်ပါတယ်ဘုရား) ၂-က ဘယ်သူကွယ်သတုံး . . . (ခန္ဓာကွယ်ပါတယ်ဘုရား)။

ဖြစ်ပျက်တွေ တွေ့နေတုန်း . . . အနိစ္စတွေ တွေ့နေတုန်းလဲ ကိုပေါ် နိဗ္ဗာန်တွေ့တာမှ မဟုတ်သေးဘဲ (မတွေ့ပါဘုရား)။

အဲဒီတော့ ခန္ဓာဖြစ်ပျက်က ကွယ်နေတယ် (မှန်ပါ့) မကွယ်ဘူးလား . . . (ကွယ်ပါတယ်ဘုရား)။

အဲဒါကြောင့် သြော် . . . ဒကာဒကာမတို့ ပထမတစ်ချက်မလှန်ရင်လဲ ခန္ဓာမတွေ့ဘူး (မှန်ပါ့) ခန္ဓာမတွေ့လို့ရှိရင်လဲ ဖြစ်ပျက်အနိစ္စတွေ (မတွေ့ပါဘုရား) ဒီ . . . အနိစ္စကို ဆုံးအောင်မလိုက်လို့ရှိရင်လဲ နိစ္စနိဗ္ဗာန် ရောက်ပါ့မလား (မရောက်ပါဘုရား)။

## ခန္ဓာကွယ်တယ်

ကဲ-ဒါဖြင့် ဒီလမ်းဟာဖြင့် ပထမရှေးဦးစွာ အဝိဇ္ဇာနဲ့တဏှာ တွန်းလှန်ရလိမ့်မယ် (မှန်ပါ့) သဘောကျပလား (ကျပါပြီ) ဒုတိယ ခန္ဓာကို ဆုံးအောင်လိုက်ရလိမ့်မယ် . . . (မှန်ပါ့)။

အဲဒီ ခန္ဓာဆုံးမှသာလျှင် ခန္ဓာဆုံးနိဗ္ဗာန် တဏှာဆုံးနိဗ္ဗာန်ကိုး . . . (မှန်ပါ့) ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

ခန္ဓာဆုံးရင် . . . (နိဗ္ဗာန်ပါဘုရား) တဏှာဆုံးရင် (နိဗ္ဗာန်

ပါဘုရား) ဪ . . . နိဗ္ဗာန်ဆိုတဲ့ဥစ္စာ ခန္ဓာလဲဆုံး၊ တဏှာလဲ ဆုံးမှုပါလားဆိုတဲ့ဥစ္စာ ကောင်းကောင်းကြီး ပေါ်လာပြီ . . . (ပေါ်လာပါပြီ) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

တော်တော် ခင်ဗျားတို့ နားကြီးလို့သာ ကိုဝ - ဒီအဓိပ္ပာယ် နားထောင်လို့ဖြစ်တာနော် . . . (မှန်ပါ့) ဖော်ပြောမည့်သူကလဲ အရှားကြီးကိုး ကိုပေါ်ရ . . . (မှန်ပါ့)။

လွယ်ပါ့မလား ဒကာဒကာမတို့ . . . (မလွယ်ပါဘုရား) လွယ်ကိုမလွယ်ဘူးဆိုတော့ ခင်ဗျားတို့ ဒီအတိုင်းသာ ဒီဆရာနဲ့လဲ မတွေ့တော့ဘူး၊ တရားလဲမနာကြတော့ဘူး ဆိုလို့ရှိရင်ဖြင့်ကွာ . . တို့မိဘများ လုပ်ထားတဲ့အတိုင်းပေါ့ကွာ . . . ဒို့ထက်ကောင်းတာ ဘယ်ရှိမလဲဆိုပြီးသကာလ မနက် ဆွမ်းတော်ချိန် ဆွမ်းတော်တင် အမျှပေးဝေ မေတ္တာပို့ တော်ရောပေါ့ကွ၊ ဒီ. . . တော်ရောပေါ့နဲ့ပဲ အချိန်ကုန်သွားမယ် . . . (မှန်ပါ့) လမ်းလဲ ဆုံးပါ့မလား . . . (မဆုံးပါဘုရား) မဆုံးသေးဘူးဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီ ဘုရား)။

အေး . . ဒါကြောင့် သူများပြောသံကြား သူများပါးစပ် လမ်းဆုံးပြီး နေရတာ သစ္စာမသိမှုကြောင့် (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

သစ္စာမသိတော့ ကောင်းကင်မြောက်တဲ့တုတ် အောက်ပြန် ရောက်တယ်၊ ကျချင်သလိုကျတယ် ကိုစောမောင် . . . (မှန်ပါ့)

ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ကောင်းကင်မြှောက်တဲ့တုတ်ဟာ ဘာတဲ့ . . (ကျချင်သလို ကျပါတယ်ဘုရား) ကျချင်သလိုကျတယ်ဆိုတာ **"အဝိနိပါတဓမ္မော"** မဟုတ်ဘူး၊ ဝိနိပါတဘေး သင့်တာလို့ မှတ်လိုက်၊ ဖရိုဖရဲကျတဲ့ဘေး၊ ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ကဲ . . ဒါဖြင့် ၁-နံပါတ် ဆရာဘုန်းကြီးက ဘာကို ဖယ်ပေး ရမှာပါလိမ့် . . . (အဝိဇ္ဇာနဲ့ တဏှာကို ဖယ်ပေးရပါမယ်ဘုရား) အဲ . . . အဝိဇ္ဇာနဲ့ တဏှာ ဖယ်ပေးလိုက်မယ်နော် . . . (မှန်ပါ့) ပြီးတော့မှ ခန္ဓာဖော်ပေးလိုက်တော့မှ ခင်ဗျားတို့ ဉာဏ်က အမှောင် ဖျောက်ပေးတဲ့တရား ရောက်တော့ တော်တော် အလင်းရောင် ကလေး ရတဲ့အခါကျတော့ **ပင်ကိုခန္ဓာကြီး** သွားတွေ့တယ် . . . (မှန်ပါ့ဘုရား) **ပင်ကိုခန္ဓာဆိုတာက** ယောကျ်ား မိန်းမတွေ့တာ မဟုတ်ဘူး ဖြစ်ပျက်သွားတွေ့တယ် (မှန်ပါ့) နဂိုရှိတာက **"သဗ္ဗေ သင်္ခါရာ အနိစ္စာ"** ကို . . . (မှန်ပါ့)။

အဲဒီတော့ အဝိဇ္ဇာနဲ့တဏှာ **ဖယ်ပေးလိုက်တော့** ခန္ဓာ အနိစ္စသွားတွေ့တယ် . . . (မှန်ပါ့) ၊အဲဒီ အနိစ္စကလဲ မောင်နိုင်ရေ နိဗ္ဗာန်ဖုံးတယ် . . . (မှန်ပါ့)။

ဘာ့ကြောင့် နိဗ္ဗာန်ဖုံးထားသတုံး . . . လို့ မေးတဲ့အခါ ကျတော့ မှ **အနိစ္စက ဝိပဿနာဉာဏ်တဲ့** . . . (မှန်ပါ့) သဘောကျ ပလား . . . (ကျပါပြီ) အဲဒီတော့ ဝိပဿနာဉာဏ်နဲ့လဲ နိဗ္ဗာန် ၊

မရောက်နိုင်သေးဘူး . . . (မှန်ပါ့) ရောက်ပါ့မလား (မရောက်ပါဘုရား)။

သူ့နောက်က သူရင့်ကျက်ပြီးသကာလ ဝိပဿနာဉာဏ်က ဘယ်သူက ဘာပြောပြော မဂ္ဂင် ၅-ပါး ၆-ပါးထက် မပိုဘူး . . . (မှန်ပါ့) ရှစ်ပါးကို ပြည့်ရဲ့လား . . . (မပြည့်ပါဘုရား)၊ မပြည့်သေးလို့ ရှိရင် နိဗ္ဗာန်မြင်နိုင်ပါ့မလား . . . (မမြင်နိုင်ပါဘုရား)။

ကိုဝ - မြင်နိုင်ပါ့မလား . . (မမြင်နိုင်ပါဘုရား) အဲဒီတော့ ဝိပဿနာဉာဏ်ကလေးနဲ့ သေသွားပြန်လို့ရှိရင်လဲ ဩော် . . . တို့ တော်လောက်ပြီဟလို့ ဒီလိုလဲ မအောက်မေ့နဲ့ဦး (မှန်ပါ့) သဘော ကျပြီလား . . . (ကျပါပြီဘုရား)၊ ဝိပဿနာဉာဏ်နဲ့ သေသွားမယ် ဆိုလို့ရှိရင်လဲ အလှူပ်အရှား ကိုဝ . . . မခံနိုင်ဘူး (မှန်ပါ့) ခံပါ့မလား (မခံပါဘုရား)။

သာသနာတွင်း ကုသိုလ်လောက်ပဲ ဖြစ်ပြီးသကာလ နေတယ်၊ တကယ့်နိဗ္ဗာန်ကို မြင်ရပလား . . . (မမြင်ရသေးပါဘုရား) မမြင်ရသေးဘူး၊ ခန္ဓာက ဖြစ်ပျက်ပဲ တွေ့သေးတာကိုး . . . (မှန်ပါ့)။

အဲဒီတော့ ခန္ဓာကွယ်နေတဲ့ နိဗ္ဗာန်ကို တွေ့ပလား (မတွေ့သေးပါဘုရား) မတွေ့သေးတော့ ဒီခန္ဓာဖယ်နည်းနိဿရည်းကိုလဲ တစ်ခါဟောရမယ် . . . (မှန်ပါ့) မဟောရပေဘူးလား (ဟောရပါတယ်ဘုရား)။

ကိုင်း . . . ဒါဖြင့် ဒီလောက်ဆိုလို့ရှိရင် ဒကာဒကာမတွေ

ဩော် . . . ဒို့မှာ ဝိပဿနာလုပ်, ဝိပဿနာလုပ် ဆိုငြားသော်လဲ ဝိပဿနာကွယ်နေတာက အဝိဇ္ဇာနဲ့တဏှာ . . . (မှန်ပါ့) တစ်ခါ ဝိပဿနာတွေ့ပြန်တော့လဲ နိဗ္ဗာန်ကွယ်နေပြန်တယ်၊ နိရောဓသစ္စာ ကွယ်နေတယ် . . . (မှန်ပါ့)။

နိရောဓသစ္စာကို အနိစ္စက ဒုက္ခသစ္စာကိုး . . . ၊ ဒုက္ခသစ္စာ လာကွယ်လိုက်တယ် . . . (မှန်ပါ့) မောင်နိုင် ရှင်းပလား (ရှင်းပါပြီ)။

ခုနင်က ရှေ့ကကွယ်တာက သမုဒယသစ္စာ၊ မှတ်မိပလား (မှတ်မိပါပြီ) အဝိဇ္ဇာနဲ့တဏှာက (သမုဒယသစ္စာပါဘုရား) နောက် က တစ်ခါကွယ်တာက (ဒုက္ခသစ္စာပါဘုရား) ကိုင်း . . . နှစ်ချက် လှန်ရမှာ (မှန်ပါ့)၊ ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)၊ နှစ်ချက် မလှန်လို့ရှိရင်ဖြင့် ခင်ဗျားတို့ နိဗ္ဗာန်ရောက်လိမ့်မယ်ဆိုတဲ့ တရားမျိုး နဲ့ပဲ အချိန်ကုန်လိမ့်မယ် (မှန်ပါ့) နှစ်ချက် မလှန်ဘဲနဲ့တော့ဖြင့် နိဗ္ဗာန်ကို . . . (မမြင်ပါဘုရား)။

မမြင်နိုင်ဘူးဆိုတော့ ဩော် . . . နိဗ္ဗာန်ရောက်လိမ့်မယ် ဆိုတဲ့တရားမျိုးနဲ့ဖြင့် ခက်ကရောပေါ့ (မှန်ပါ့) မခက်သေးဘူးလား (ခက်ပါတယ်ဘုရား)။

ရောက်လိမ့်မယ်ဆိုပြီး ကိုယ်က ဘယ်ဟာဖယ်လို့ ဘယ်လို ရှင်းပြီး ဘယ်ကိုသွားရမှာတုံးမှ ကိုယ်ကမသိလို့ရှိရင် သူ့ ရောက် လိမ့်မယ်နဲ့ ကိုယ့်နားက လမ်းဆုံးနေမယ် (မှန်ပါ့)။

အဲဒီတော့ ဖယ်စရာရှားစရာတွေ သိသေးရဲ့လား (မသိပါ

ဘုရား) မသိဘဲနဲ့ တိုးတော့ ကိုစောမောင်က ရောက်ပါ့မလား မရောက်ဘူးလား . . .. (မရောက်ပါဘုရား) မရောက်နိုင်ဘူးဆိုတာ မောင်နိုင်-သေချာပလား . . . (သေချာပါပြီဘုရား)။

နောက်က ဒကာဒကာမတွေ . . . (သေချာပါပြီဘုရား) ထူးထူးခြားခြား နာရပေပြီဆိုတာကော ပေါ်ကြပလား . . . (ပေါ် ပါပြီဘုရား)။

ကဲ . . . နောက်လာသည်မှာ ခင်ဗျားတို့ အဖယ်တရား အရှင်းတရားလို့ပဲ မှတ်ကြပေတော့ . . . (မှန်ပါ့) ဒကာကြီးလှိုင် ဒါ့ကြောင့် မသေစေချင်ဘူးဆိုတာကော သဘောကျပလား (ကျပါ ပြီဘုရား)။

ဒါကလေးတွေမတွေ့လိုက်ရလို့ရှိရင်ဖြင့် နောက်က ဒကာ ဒကာမတွေ အတော်ခက်သွားမယ် . . . (မှန်ပါ့) အတော်ခက် သွားမယ် . . . တဲ့၊ အဖုံးမှ မဖွင့်တတ်လို့ရှိရင် ရှိတဲ့ ပစ္စည်းရနိုင်ဖို့ အတော်ခဲယဉ်းသွားမယ် (မရနိုင်ပါဘုရား) မရနိုင်ဘူးနော် (မှန်ပါ့) အဲဒါ ကံနဲ့ဖွင့်ရမှာလား ဉာဏ်နဲ့ ဖွင့်ရမှာလား (ဉာဏ်နဲ့ ဖွင့်ရမှာပါ ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ,ဒကာမတို့ ဉာဏ်စခန်းဆိုတာ ကော ထောက်ခံချက်ပေးပလား (ပေးပါပြီဘုရား) မပေးသေးဘူး လား. . . (ပေးပါပြီဘုရား)။

ကံနဲ့ ဖွင့်ရမှာလား၊ ဉာဏ်နဲ့ဖွင့်ရမှာလား. . . (ဉာဏ်နဲ့

ဖွင့်ရမှာပါဘုရား) ဒီအဖုံးနှစ်ချက်ကို. . . (မှန်ပါ) သဘောပါ ပလား. . . (ပါပါပြီဘုရား)။

## နိဗ္ဗာန်ဆိုတာဉာဏ်စခန်း

ကဲ-ဒကာကြီးလှိုင်-နိဗ္ဗာန်ဆိုတာ၊ ဉာဏ်စခန်းဆိုတာ ပေါ်ပလား . . . (ပေါ်ပါပြီ) ကဲ. . . ဒါဖြင့် ပြောကြပါစို့. . . တဲ့၊ နာရီကလဲ နည်းနည်းပဲ ကျန်တော့တယ်၊ နိဗ္ဗာန်ကို ဖော်ကြပါစို့ နော်. . . (မှန်ပါ့)။

ကိုင်း-ဒါဖြင့် ဒကာ, ဒကာမတို့ ဘုန်းကြီးကလဲ ရှေးဦးစွာ အဝိဇ္ဇာနဲ့ တဏှာကို ဖယ်ပေးရမယ်၊ ဒါက **ကလျာဏမိတ္တ** ဆိုတဲ့ ဆရာသမားမပါရင် ကိုဝ-ဖယ်ပေးမည့်သူ မရှိဘူး. . . (မှန်ပါ့)။

ဒါက ခင်ဗျားတို့ဟာ ခင်ဗျားတို့ ဖယ်လို့တော့ဖြင့် ဖယ်နည်း မှ မရတော့ ဘယ်သိမတုံး. . . (မှန်ပါ့) မောင်နိုင်-သိပ့်ါမလား. . . (မသိပါဘုရား) မသိတော့မှ ကိုင်း-ဒကာ ဒကာမတို့ အဝိဇ္ဇာနဲ့ တဏှာ ဖယ်ကြပါစို့ ဆိုတော့ ကိုယ့်ခန္ဓာဆိုတာ ကိုယ် အင်မတန် ခင်ပါတယ်၊ မခင်ကြဘူးလား. . . (ခင်ပါတယ်ဘုရား)။

ခလုတ်မထိ-ဆူးမငြိပါစေနဲ့၊ **အဟံ အဝေရော ဟောမိ-ငါအန္တရာယ်ကင်းပါရစေ**ဆိုတာ သာမည ခင်တာလား ကိုစောမောင် (အလွန်ခင်ပါတယ်ဘုရား) '**အဟံ အဝေရော ဟောမိ**' က စ,တာဗျ. . . (မှန်ပါ့)။

**အဟံ=ငါသည်၊** အဝေရော=ရန်မရှိသည်၊ ခလုတ်မထိ-ဆူးမငြိသည်၊ ဟောမိ=ဖြစ်ရပါလို၏ . . . (မှန်ပါ့)။

အံမာလေး. . . မေတ္တာလိုလိုနဲ့ တဏှာက ခင်ထားလိုက်တာ နည်းတာမဟုတ်ဘူး. . . (မနည်းပါဘုရား)။

ကဲ-တဏှာဖုံးနေတယ်ဆိုတော့ တစ်ခါတည်း ခန္ဓာအတုံးကြီး ပေါ်လာတယ်. . . (မှန်ပါ့) မပေါ်သေးဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

ဟ. . . ဘယ်သူ အန္တရာယ်ကင်းဖို့ နင်-လုပ်နေတာတုံး၊ ဆရာဘုန်းကြီးကလဲ **အကွက်ကျကျ မေးတဲ့အခါကျ** ဟောဒီ ခန္ဓာကြီးဘုရာ့. . . ဆိုတော့ ဟောဒီ ကိုယ်ကြီးဘုရာ့. . . ကိုပေါ်-လာရ-မလာရ. . . (လာရပါတယ်ဘုရား) ဒါဖြင့် အဝိဇ္ဇာသတ္တိသေချာတယ် (သေချာပါတယ်ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ မေတ္တာက အဝိဇ္ဇာကို တွန်းလှန်နိုင်ဖို့ ဝေးပါသေးရဲ့ဆိုတာ ကိုစောမောင် (ပေါ်ပါပြီဘုရား)။

မပေါ်သေးဘူးလား. . . (ပေါ်ပါပြီဘုရား) ဒီကိုယ်ကြီးပို့ရမှာကိုး. . . (မှန်ပါ့) မပို့ရပေဘူးလား (ပို့ရပါတယ်ဘုရား)။

အဟံ=အကျွန်ုပ်သည် ဆိုကတည်းက တစ်ကိုယ်လုံးဆိုတာ (မှန်ပါ့) အဝေရော-ရန်မရှိသည်။ ဟောမိ=ဖြစ်ရပါလို၏ဆိုတော့ ခန္ဓာ ဘယ်လောက် ခင်လို့တုံး ကိုစောမောင် (အားကြီးခင်ပါတယ်ဘုရား)။

ဒါဖြင့် ဒီတဏှာဖုံးနေပြီဆိုတာကော (ပေါ်ပါပြီဘုရား) အနိစ္စတွေ ပေါ်သေးရဲ့လား . . . (မပေါ်ပါဘုရား)။

ကိုင်း. . . ဒါဖြင့် ဒါဘယ့်နှယ်ကြောင့် ဒီခန္ဓာကြီးဟာ ပြီးတော့မှ **'သဗ္ဗာ ဣတ္ထိယော သဗ္ဗေ ပုရိသာ'** နဲ့များ လာလိုက်တာ၊ ယောက်ျားလဲ ကင်းတာမဟုတ်ဘူး၊ မိန်းမတွေရော. . . (မကင်းပါဘုရား)။

## သမထဟာ နိဗ္ဗာန်မရောက်ပါ

ဘယ်မှာတုံး ကိုစောမောင်ရဲ့ တဏှာဖယ်နိုင်သေးရဲ့လား (မဖယ်နိုင်ပါဘုရား)၊ ကိုဝ-ဖယ်နိုင်သေးရဲ့လား (မဖယ်နိုင်ပါဘုရား) မဖယ်နိုင်ဘူးဆိုတာ ဒါသမထစခန်းဆိုတာ ကိုပေါ်က ရှင်းရောပေါ့ (မှန်ပါ့) မရှင်းသေးဘူးလား. . . (ရှင်းပါပြီ)။

ဒါ့ကြောင့် သမထဟာ နိဗ္ဗာန် မရောက်ဘူးဆိုတာလဲ အထူးမှတ်ပါ၊ ဒီတဏှာနဲ့ အဝိဇ္ဇာမှ မဖယ်နိုင်ဘဲ (မှန်ပါ့) ဖယ်နိုင်သေးရဲ့လား . . . (မဖယ်နိုင်ပါဘုရား) မထင်ရှားသေးဘူးလား (ထင်ရှားပါပြီ)။

အေး. . . ဒါ့ကြောင့် ဒကာကြီးလှိုင်ရ အင်မတန်အရေးကြီးပါတယ်ဆိုတာ မပေါ်သေးဘူးလား. . . (ပေါ်ပါပြီ) ပေါ်ပြီဝ ပေါ်ပြီ။

ကိုင်း. . . ဒါဖြင့် ဒီလိုလုပ်ကြပါစို့ အဝိဇ္ဇာနဲ့ တဏှာ ဖယ်ကြပါစို့နော်. . . (မှန်ပါ့)။

## မျက်လုံးမမှိတ်ရင်မဖြစ်ဘူး

မေတ္တာအသာချိတ်ထား မောင်နိုင်ရ. . . (မှန်ပါ့) ဝိပဿနာ ဆိုတဲ့ အခါကျလို့ရှိရင်ဖြင့် . . . တဲ့၊ တဲ့. . . ဝိပဿနာဉာဏ်နဲ့ ခန္ဓာ ကိုယ် ကျုပ်တို့ကြည့်တော့ ကြည့်ရမှာပဲ၊ မျက်လုံးမှိတ်ပါ. . . (မှန်ပါ့) မမှိတ်ရင် မဖြစ်ဘူး. . . (မှန်ပါ့)။

မျက်လုံး မမှိတ်လို့ရှိရင်ဖြင့်. . . တဲ့၊ ဒကာ ဒကာမတို့ မျက်လုံးက အဆင်းမြင်နေဦးမှာ (မှန်ပါ့) ချောတယ်၊ လှတယ်၊ အရုပ်ဆိုးတယ်ဆိုတာ မြင်နေဦးမှာ. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် မနော တစ်ပေါက်တည်းဖွင့်. . . (မှန်ပါ့ဘုရား) ကျန်တဲ့ ငါးပေါက်ဒကာကြီးလှိုင် ပိတ်လိုက်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ)။

## မနောတစ်ပေါက်တည်းဖွင့်ပါ

ကိုဝ-ဘယ်နှစ်ပေါက်ပိတ်မလဲ (ငါးပေါက်ပိတ်ရမယ်ဘုရား) စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ဘာလုပ်ရမလဲ (ပိတ်

ရပါမယ်ဘုရား) မနောတစ်ပေါက်တည်းဖွင့်ပါ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

အံမာလေး. . . အဝိဇ္ဇာနဲ့ တဏှာ ဖယ်ဖို့ကို ကိုစော မောင်ဒွါရ ခြောက်ပေါက်အရင်ပိတ်ရသေးတယ်. . . (မှန်ပါ့)။

ကဲ. . . ဒါဖြင့် မျက်လုံးမှိတ်ပြီးသကာလ ကျုပ်တို့ခန္ဓာစိုက်တာပေါ့နော်. . . (မှန်ပါ့)။

မျက်လုံးမှိတ်ပြီး စိုက်တော့ ဘာမြင်မှာတုံးဘုရား. . . လို့ မေးတဲ့အခါကျတော့မှ ဩော်-ခန္ဓာထဲမှာ ဒကာ ဒကာမတွေ မနေ့က ပြောခဲ့တဲ့ ခန္ဓာထဲမှာ ဖောက်ပြန်တာကလေးတွေ၊ ယားတာကလေးတွေ၊ ယံတာကလေးတွေ၊ နာတာကလေးတွေ၊ အောင့်တာကလေးတွေဆိုတဲ့ ဝေဒနာက္ခန္ဓာကြီးဟာက မျက်လုံးမှိတ်လိုက်တော့မှ အို. . . ဝေဒနာတွေ ဟိုကရွရွ၊ ဒီကရွရွ၊ ဟိုကအောင့်သလို၊ ဒီကနာသလို၊ ကိုက်သလို၊ ခဲသလို ကိုဝ-မလာဘူးလား (လာပါတယ်ဘုရား)။

ငြိမ်ငြိမ်ကလေးထားတော့မှ ဒါတွေ ထင်ရှားလာတယ်. . . (မှန်ပါ့)။

ဒီကျတော့ မောင်မင်းကြီး အဝိဇ္ဇာနဲ့ မောင်မင်းကြီး တဏှာ ဩော်. . . ကျုပ်တို့ ဝေဒနာက္ခန္ဓာဆိုတဲ့အတိုင်း အခု သေသေချာချာ စိုက်ကြည့်လိုက်တဲ့အခါ မျက်လုံးမှိတ်ပြီး ဒွါရ ၅-ပေါက်ပိတ်ပြီးသကာလ မနောပေါက် တစ်ပေါက်တည်းက ဉာဏ်ပေါက်

တစ်ပေါက်တည်းကနေပြီး ဖွင့်ပြီးကြည့်လိုက်တဲ့အခါ ကျတော့မှ ဝေဒနာသွားတွေ့တယ်. . . (မှန်ပါ့) ပုဂ္ဂိုလ်သတ္တဝါပျောက်နေတယ်. . . (မှန်ပါ့)။

ဘာသွားတွေ့သလဲ (ဝေဒနာသွားတွေ့ပါတယ်ဘုရား)။

အင်း. . . သုခဝေဒနာပေါ်လိုက်၊ ဒုက္ခဝေဒနာပေါ်လိုက်၊ ဥပေက္ခာဝေဒနာပေါ်လိုက်၊ သုခစိတ်ပေါ်လိုက်၊ ဒုက္ခစိတ်ပေါ်လိုက်၊ ဥပေက္ခာစိတ်ပေါ်လိုက် ကိုစောမောင် (မှန်ပါ့) အတူတူပေါ့၊ ဒါတွေက စိတ္တနဲ့ ဝေဒနာအတူတူပါပဲ. . . (မှန်ပါ့ဘုရား)။

ကိုပေါ် အတူတူပဲ မဟုတ်လား. . . (မှန်ပါ့) သဟဇာတတွေဗျာ. . . တကွဖြစ်တာတွေ. . (မှန်ပါ့) ဝေဒနာနဲ့စိတ္တဟာလေ သဟဇာတသာမှတ်ထားလိုက် မောင်နိုင်ရ. . . (မှန်ပါ့) မှတ်မိကြပလား. . . (မှတ်မိပါပြီ) သဟဇာတဆိုတာ တကွဖြစ်တာ။

အဲဒီလို မျက်လုံးမှိတ်ပြီး တစ်ပေါက်တည်းနဲ့ ဖွင့်ပြီး ကြည့်လိုက်တဲ့အခါကျတော့မှ ကိုဝရေ ဘာတွေ တွေ့ပါသတုံး. . . (ဝေဒနာတွေတွေ့ပါတယ်) ဝေဒနာတွေ စိတ်တွေတွေ့နေတာပဲ (မှန်ပါ့)။

အင်း. . . ဒါက ကိုစောမောင်ရေ . . . အဝိဇ္ဇာနဲ့တဏှာ ဖယ်လိုက်တာ. . . (မှန်ပါ့) အခုဝေဒနာတွေ တွေ့တဲ့အခါကျတော့ တဏှာကလဲ အင်း. . . ဒီဥစ္စာ သူခင်စရာ အကွက်မဟုတ်လို့ မခင်တော့ဘူး. . . (မှန်ပါ့) အဝိဇ္ဇာကလဲ သူမကာကွယ်နိုင်တော့ဘူး

သူ မနောပေါက် တစ်ပေါက်တည်း ဖွင့်ကြည့်နေပြီဟော့. . . ပင် ကိုယ်ရှိ သိသွားပြီဆိုပြီး သူကာကွယ်နိုင်သေးရဲ့လား. . . (မကာ ကွယ်နိုင်ပါဘုရား)။

အဲဒီမှာ အဝိဇ္ဇာနဲ့တဏှာ တွန်းလှန်လိုက်တာ မနောပေါက် က ဉာဏ်သွင်းပြီး ခန္ဓာစိုက်လိုက်တော့မှ ကိုဝရေ သူတို့နှစ်ခုလွင့် ပြေးတယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

လွင့်ပြေးတယ်နော်. . . (မှန်ပါ့) ဒါဖြင့် ပွင့်ပြီ ဒကာ ဒကာမတို့ အဖုံးတစ်ချက်ဖြင့် ဖွင့်နိုင်ပြီ. . . (မှန်ပါ့) ဘယ့်နှယ်တုံး (အဖုံးတစ်ချက်ဖွင့်နိုင်ပါပြီဘုရား) ဒကာကြီးလှိုင်. . . (ဖွင့်ပြီးပါပြီ ဘုရား) အဖုံးတစ်ချက် ကျန်သေးတယ်. . . (မှန်ပါ့)။

နောက်က ဒကာ ဒကာမတွေ ဘာကျန်သေးသတုံး (အဖုံး တစ်ချက် ကျန်ပါသေးတယ်ဘုရား) နိဗ္ဗာန်ကို ဖုံးနေတဲ့ ခန္ဓာအဖုံး ကျန်သေးတယ် (မှန်ပါ့)၊ အခု ခန္ဓာစပြီးတွေ့ကာ့ရှိသေးတာကိုး (မှန်ပါ့) ကိုစောမောင် ရှင်းပလား. . . (ရှင်းပါပြီ)။

အဖုံးတစ်ချက်တော့ ကျန်တယ်၊ တစ်ချက်ပွင့်သွားပြီ (မှန်ပါ့) နောက်တစ်ချက် ကျန်သေးတယ်ဆိုတာ ပေါ်ပလား (ပေါ်ပါပြီ ဘုရား)။

ကဲ. . ဒါဖြင့် နောက်တစ်ချက် ကြည့်ကြစို့ဆိုတော့ . . . ကိုင်း ခုနင်ကလိုပဲ ဝေဒနာတွေ တွေ့တော့တွေ့ကုန်ပြီ၊ ပူတာ အေးတာ တွေပဲ ရုပ်တွေလဲတွေ့ကုန်ပြီ တောင့်တာတင်းတာတွေလဲ

တွေ့ကုန် ပြီဆိုပြီးသကာလ သတိပဋ္ဌာန်လေးပါးထဲကတစ်ပါးပါးကို အတွေ့ ရှာလိုက်တာပေါ့၊ အကုန်တော့ မကြည့်နဲ့ပေါ့နော်. . . (မှန်ပါ့) တစ်ပါးပါး အတွေ့ရှာလိုက်ပါတဲ့။

ကဲ. . . ဒါဖြင့် ကိုဝ-ထင်ရှားတဲ့ ဝေဒနာပဲတွေ့တယ်ဆိုကြပါစို့၊ မတွေ့ပေဘူးလား. . . (တွေ့ပါတယ်ဘုရား)၊ သုခရင်လဲ တွေ့ရမယ်၊ ဒုက္ခရင်ကော(တွေ့ရပါမယ်ဘုရား)။ ဉပေက္ခာရင်လဲ တွေ့ရမယ်။

---

အင်း. . . ဒါ ဘယ်သူ ရှောင်ပေးလို့ ဒီအတွေ့-တွေ့ပါလိမ့် မတုံးဆိုတာ ကိုစောမောင်က ဆုံးဖြတ်ချက်ချ . . . (အဝိဇ္ဇာနဲ့ တဏှာပါဘုရား)။

အဝိဇ္ဇာနဲ့တဏှာ ရှောင်ပေးတာ . . . (မှန်ပါ့) သူတို့ကို ဒွါရ ၅-ပေါက် ပိတ်ပြီးသကာလ တစ်ပေါက်တည်းနဲ့ ကြည့်လိုက်တဲ့ အခါကျတော့မှ အဝိဇ္ဇာတဏှာ ကာကွယ်ထားတဲ့ ယောက်ျား မိန်းမ ပျောက်တယ် . . . (မှန်ပါ့) ပုဂ္ဂိုလ်သတ္တဝါတွေကော (ပျောက်သွားပါတယ်ဘုရား) ဝေဒနာက္ခန္ဓာကြီး ပေါ်လာတယ် . . . (ပေါ်ပါတယ်ဘုရား) မပေါ်သေးဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

ပေါ်တော့ ခန္ဓာပေါ်လာတော့ ခန္ဓာပဲတွေ့နေပြန်တော့ နိဗ္ဗာန် မတွေ့ပြန်ဘူး . . . (မှန်ပါ့)။

ခန္ဓာပဲတွေ့နေတယ်၊ နိဗ္ဗာန်ကို . . . (မတွေ့ပါဘုရား) အင်း နိဗ္ဗာန်ကို ဘယ်သူဖုံးနေပြန်ပါလိမ့် . . . (ခန္ဓာဖုံးပါတယ်

ဘုရား) ခန္ဓာဖုံးနေတယ်ဆိုတာ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

နိဗ္ဗာန် ဘယ်သူဖုံးနေသတုံး (ခန္ဓာဖုံးနေပါတယ်ဘုရား)။

ကြည့်စမ်းပါဦး၊ ကဲ ကိုစောမောင်တို့ မောင်နိုင်တို့ ဆရာမကူရင် ဘယ်ကလာ ရမလဲ . . . (မရပါဘုရား) မရနိုင်ဘူးဆိုတာ သက်သေခံ လုံလောက်ပလား . . . (လုံလောက်ပါပြီ)။

လုံလောက်ပါပြီတဲ့၊ ဒါဖြင့် ဒကာဒကာမတို့ ကိုင်း . . . အဲဒီမင်းတို့တွေ့တဲ့ ဒွာရခြောက်ပေါက်ရှိတဲ့အနက်က ၅-ပေါက်ပိတ်ပြီး တစ်ပေါက်ရှာလိုက်တဲ့အခါ ခန္ဓာတွေ့တယ်ဟေ့ . . . အဲဒီ ခန္ဓာသဘောကို မင်း စောင့်ကြည့်ပါဦး . . . သူဘာပြောမလဲဆိုတာ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

အဲဒီ ဝေဒနာက္ခန္ဓာတော့တွေ့ပြီ၊ ဝေဒနာက္ခန္ဓာကို အစအဆုံး မင်းပြန်ကြည့်ပါဦး . . . လို့ ဆရာဘုန်းကြီးက နည်းပေးလိုက်တယ် . . . (မှန်ပါ့)။

နည်းပေးလိုက်ပြန်တဲ့အခါကျတော့ ကိုပေါ်တို့ ကိုဝဇိရ်က ကြည့်လိုက်တော့ ဩော် - ပေါ်လဲပေါ်တယ်၊ စောင့်ကြည့်တော့ ပျောက်လဲပျောက်တယ်ဆိုတာ ပေါ်လာတယ် (ပေါ်ပါတယ်ဘုရား) မပေါ်လာပေဘူးလား (ပေါ်လာပါတယ်ဘုရား)။

အင်း . . . ရှိလဲ ရှိရဲ့၊ ပျောက်လဲ ပျောက်တယ်ဆိုတာကော (ပေါ်ပါတယ်ဘုရား) အင်း . . . ဒီကျတော့လဲ ဒကာ ဒကာမ

တို့ အနိစ္စခန္ဓာတွေ့ပြီ . . . (တွေ့ပါပြီဘုရား) အဝိဇ္ဇာနဲ့ တဏှာဖယ်ပြီး ကြည့်လိုက်တော့ ဘာခန္ဓာတွေ့သတုံး (အနိစ္စခန္ဓာ တွေ့ပါတယ်ဘုရား) အနိစ္စခန္ဓာကြီး သွားတွေ့တယ် . . . (မှန်ပါ့)။

ဒကာဒကာမတွေ ဘာတွေ့သလဲ . . . (အနိစ္စခန္ဓာကြီး သွားတွေ့ပါတယ် ဘုရား) အနိစ္စခန္ဓာကြီး သွားတွေ့တော့ ကိုဝရေ . . . နိဗ္ဗာန်ကို မတွေ့ပြန်ဘူး (မှန်ပါ့) အင်း . . . အနိစ္စခန္ဓာ ဖုံးနေတယ် . . . (မှန်ပါ့) ဒကာ ဒကာမတွေ ဘယ်လိုဆိုကြမလဲ (အနိစ္စခန္ဓာ ဖုံးနေပါတယ်ဘုရား)။

အနိစ္စခန္ဓာကြီး ဖုံးပြီးသကာလ နေပြန်တော့လဲ အင်း . . . သေပျော်ပြီလို့ မအောက်မေ့လိုက်ပါနဲ့ . . . (မှန်ပါ့) သောတာပတ္တိမဂ်က မရသေးဘူး . . . (မှန်ပါ့) ဝိပဿနာပဲ ရှိသေးတယ် (မှန်ပါ့)။

အနိစ္စခန္ဓာတွေ့တော့ ဘယ်မဂ်ရသတုံး (ဝိပဿနာမဂ် ရပါတယ်ဘုရား)၊ဝိပဿနာမဂ် ရသေးတယ် ဒကာ ဒကာမတို့ နော် . . . (မှန်ပါ့)၊ လောကုတ္တရာမဂ် ရပြီလား . . . (မရသေးပါဘုရား)။

ဟာ . . . ဒါဖြင့် ကျုပ်တို့အဖုံး အကုန်ဖွင့်မှ တော်တော့မယ်ဆိုတဲ့ အဓိပ္ပာယ်ဟာ လာရတော့မယ် . . . (မှန်ပါ့)၊ မလာရပေဘူးလား . . . (လာပါမယ်ဘုရား)။

အဖုံးဖွင့်ကြပါစို့

ကိုင်း . . . ဒါဖြင့် အဖုံးဖွင့်ကြပါစို့ ဆိုတော့မှ ကိုစောမောင်ရေ ဒီဝေဒနာကို ပေါ်ရာလိုက်ပြီး သကာလ အနိစ္စမြင်အောင် ကြည့်ပါ . . . (မှန်ပါ့)။

ပေါ်ရာလိုက်ပြီးတော့ . . . (အနိစ္စမြင်အောင် ကြည့်ရပါမယ်ဘုရား)၊ အနိစ္စမြင်အောင် ကြည့်ပါ၊ စိတ်ရှုတဲ့ပုဂ္ဂိုလ်ကလဲ စိတ်အဆုံး လိုက်ပြီးတော့ အနိစ္စမြင်အောင်ကြည့်ပါ . . . (မှန်ပါ့)။

ဖြစ်လိုက်-ပျက်လိုက်၊ ဖြစ်လိုက်-ပျက်လိုက်ဟာ ဘာပါလိမ့် (အနိစ္စပါဘုရား)၊ အနိစ္စပဲ၊ ဖြစ်လိုက် ပျက်လိုက်ဟာ ဒုက္ခပဲ၊ ဖြစ်လိုက် ပျက်လိုက်ဟာ အနတ္တပဲ၊ ဖြစ်လိုက်-ပျက်လိုက်ဟာ အသုဘပဲ . . . (မှန်ပါ့) သေတာဟာ အသုဘပေါ့ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဖြစ်လိုက်-ပျက်လိုက်ဟာ သေတာပဲမဟုတ်လား (မှန်ပါ့) ဒါကို ဘာခေါ်ကြမယ် . . . (အသုဘပါဘုရား)။

ဒါဖြင့် ဒီလေးခုစလုံးဟာ ဒကာဒကာမတွေက ကြည့်လိုက်တာပေါ့၊ အင်း . . . ဒီတစ်ခုတည်းကို လေးနာမည်တပ်ထားတာကိုး . . . (မှန်ပါ့)၊ ဖြစ်ပျက်တစ်ခုတည်းကို လေးနာမည် တပ်ထားတယ် . . . (မှန်ပါ့)။

ဖြစ်ပျက်တစ်ခုတည်းကို အနိစ္စဆိုတဲ့ နာမည် ရှေးဦးစွာတပ်လိုက်တယ် (မှန်ပါ့) ဒုက္ခဆိုတဲ့ နာမည်ကော (တပ်လိုက်ပါ

တယ်ဘုရား) အနတ္တဆိုတဲ့နာမည် (တပ်ပါတယ်ဘုရား) အသုဘ ဆိုတဲ့နာမည် . . . (တပ်ပါတယ်ဘုရား)။

ဒါဖြင့် နာမည်သာတပ်တယ်၊ ကိုယ်ကြည့်ရမှာက တစ်ခု တည်း . . . (မှန်ပါ့) ကိုယ်ကြည့်ရမှာက ဖြစ်ပျက် . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ကိုယ်ကြည့်ရမှာက (ဖြစ်ပျက်ပါဘုရား) ဖြစ်ပျက်ပဲဆိုတာ မပေါ်သေးဘူးလား . . . (ပေါ်ပါပြီဘုရား)။

## ဖြစ်ပျက်အနိစ္စကွယ်နေတယ်

အဲဒီတော့ နိဗ္ဗာန်တွေ့ပလားဟေ့ . . . ဖြစ်ပျက်အနိစ္စ ကွယ်နေပြန်ပြီလားလို့ . . . (ဖြစ်ပျက်အနိစ္စ ကွယ်နေပါတယ် ဘုရား) ကွယ်နေပြန်ပြီ ကိုစောမောင်ရ . . . (မှန်ပါ့)။

ကဲ . . . ဒါကို ဆရာဘုန်းကြီးက ဒါကိုလဲ ရှင်းရလိမ့်ဦးမယ်၊ ဒါကို မရှင်းရင် နိဗ္ဗာန်ကို (မမြင်ပါဘုရား) မတွေ့နိုင်တော့ဘူး ဆိုတာလဲ သေချာသွားပြန်တယ် . . . (မှန်ပါ့)။

ကိုပေါ် . . . (သေချာပါတယ်ဘုရား) အဲဒီမှာ ခင်ဗျားတို့ ပြောနေကျ၊ ဆိုနေကျဆိုရင် လက္ခဏာရေး သုံးပါးထက် ကောင်းတာ ဘာရှိသေးသတုံး . . .၊ ဒါနိဗ္ဗာန်ရောက်ကြောင်း မဟုတ်ဘူးလားလို့ ဒီလက္ခဏာရေးသုံးပါးချည့် လုပ်နေမယ် ဆိုလို့ရှိရင်လဲ နိဗ္ဗာန် မတွေ့သေးဘူး ကိုစောမောင် (မှန်ပါ့) တွေ့ပါ့မလား . . . (မတွေ့ပါဘုရား)။

တွေ့နိုင်ပါ့မလား . . . (မတွေ့နိုင်ပါဘုရား) လက္ခဏာရေးသုံးပါးက နိဗ္ဗာန်ပါမလား . . . (မပါ-ပါဘုရား) မပါသေးဘူး၊ နိဗ္ဗာန်မပါတာ ဘုန်းကြီး ရှင်းပြပါမယ်၊ နိဗ္ဗာန်ဟာ နိစ္စလား၊ အနိစ္စလား . . . (နိစ္စပါဘုရား) ဒါဖြင့် အနိစ္စက ကွယ်နေပါတယ် . . . (မှန်ပါ့)။

နိဗ္ဗာန်ဟာ သုခလား၊ ဒုက္ခလား . . . (သုခပါဘုရား) ဒါဖြင့် ဒုက္ခက ကွယ်နေပြန်ပြီ။

နိဗ္ဗာန်ဟာ အတ္တလား၊ အနတ္တလားလို့ မေးတော့ နိဗ္ဗာန်ဆိုတာကတော့ အနတ္တပဲ၊ ဘယ်သူ လုပ်ထားတာမှ မဟုတ်သောကြောင့် အနတ္တ (မှန်ပါ့ဘုရား) ဒီ ရှေ့အနတ္တက တစ်ခါလာကွယ် မကွယ်ဘူးလား . . . (ကွယ်ပါတယ်ဘုရား)။

အနတ္တ-အနတ္တချင်း လာကွယ်တယ်၊ မကွယ်ဘူးလား . . (ကွယ်ပါတယ်ဘုရား)။

နိဗ္ဗာန်ဟာ သုဘလား၊ အသုဘလား . . . (သုဘပါဘုရား) သူဖြစ်ပျက်ဆိုတော့ သေတဲ့ အသုဘကြီး ဖြစ်နေတယ် . . . (မှန်ပါ့ဘုရား)။

အဲ. . . သူက လာကွယ်နေတော့ ဒကာဒကာမတွေက ဒီအကွယ်ကို မကျော်သွားနိုင်လို့ မခုတ်ထွင်နိုင်ပြန်လဲ ကိုဝ ရပ့်မလား. . . (မရပါဘုရား) ပေါ်ကြပလား . . . (ပေါ်ပါပြီ) ရှင်းပြီ ခနော် . . . (ရှင်းပါပြီဘုရား)။

ကိုင်း . . ဒါဖြင့် ဒကာကြီးလှိုင် အင်မတန် မဖိုးတန်တယ် ဆိုတာ မပေါ်သေးဘူးလား . . . (ပေါ်ပါပြီဘုရား)။

အင်း . . . ဟင် . . . ဒါဖြင့် အဖုံးလှန်ကြဦးစို့နော် . . . (မှန်ပါ့) လှန်ကြဦးစို့ဆိုတော့ ဘယ်လိုလှန်ရမလဲဆိုတော့ အဲဒီ ဖြစ်ပျက်တွေဟာကွာ . . . သေသေချာချာ ကြည့်ပါဆိုတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘတွေ သွားဖြစ်နေ ပြန်တယ် (မှန်ပါ့) ဖြစ်တဲ့ အခါကျတော့ကို ဒီဟာကို ကြည့်သာ ကြည့်ဟေ့ . . . မင်္ဂဉာဏ်မရင့် သေးဘူး . . . (မှန်ပါ့) ကြည့်နိုင်သလောက်ကြည့်ပါ။

ကြည့်နိုင်သလောက် ကြည့်တဲ့အခါကျတော့ ကျောက်ကို ကြည့်ဖန်များလေလေ . . . ကျုပ်တို့ ကျောက်ဉာဏ်မှာ သိလေ လေပေါ့ . . . (မှန်ပါ့)။

မိုးကုတထုံးစံပေါ့ . . . (မှန်ပါ့) အတွေ့အကြုံများတဲ့ လူ လောက် ကိုဝရေ၊ ကျောက်ကုန်သည်မှာ အတွေ့အကြုံနည်းတဲ့လူနဲ့ တော့ အများကြီး ခြားနားမှာပဲ . . . (မှန်ပါ့) ဒါဘာတုံး ၊ ကျင့်သား ပဲ သဘောကျပလား . . . (ကျပါပြီဘုရား)။

အဲဒီကျင့်သားဖြစ်တဲ့ ဒီ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘကို ပင်လျှင် ကြပ်ကြပ်ပွားပေးစမ်းပါ။ ကျင့်သားရအောင် . . . (မှန်ပါ့)။

**ပွားဖန်များတော့ ဉာဏ်ရင့်လာမယ်**

ပွားပေးလိုက်တဲ့ အခါကျတော့ကို-တဲ့၊ ဩော် . . . ဒီဥစ္စာ

သည် ငါ-ပွားနေတာသည် ဘာပါလိမ့်မလဲ. . . လို့ ကြည့်တဲ့ ဒီ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘတွေဟာ မောင်နိုင်-ပွားဖန်များလာတော့ ဉာဏ်က ရင့်မလာဘူးလား (ရင့်လာပါတယ်ဘုရား)။

ရင့်လာတော့ ယထာဘူတဉာဏ်က ရပြီးသားဖြစ်တော့ သမ္မသန, ဉဒယဗ္ဗယ, ဘင်္ဂဘယအာဒီနဝ, နိဗ္ဗိန္ဒတွေ ဆိုတာတွေဟာ ဒီထဲဝင်လာမှာပေါ့ (မှန်ပါ့) ဉာဏ်ရင့်ရင့်သွားတာကို ဆိုတာပါ (မှန်ပါ့)၊ ပဋိသမ္ဘိဒါမဂ်မှာလည်း ဒီအတိုင်းပဲ ဆိုပါတယ်။

ကဲ. . . ဒါဖြင့် ဉာဏ်ရင့်အောင် ပွားပေးလိုက် ကိုပေါ်တို့ ကိုဝတို့ . . . (မှန်ပါ့) ပွားလိုက်တဲ့အခါကျတော့ ဉာဏ်ရင့်လာတော့ ဩော်. . . ဒါအနိစ္စလဲ ဆိုနိုင်တာပဲ၊ သို့သော်လဲ ဒါတွေက မိမိခန္ဓာ ဒုက္ခ ရောက်နေတာတွေပါ၊ ဉာဏ်ရင့်သွားတော့ . . (မှန်ပါ့ဘုရား)။

ဘာထင်ကြသတုံး . . . (မိမိခန္ဓာ ဒုက္ခရောက်နေတာတွေပါဘုရား)။

ဩော်. . . မိမိခန္ဓာဟာ ဒုက္ခ, သစ္စာပဲ၊ ဒုက္ခက ဆင်းရဲတာ သစ္စာက အမှန်ဆိုတော့ ဆင်းရဲတာ အမှန်ပါကလား . . . လို့ ဉာဏ်ကမြင်တယ် . . . (မှန်ပါ့)။

ခုနင်က အနိစ္စ, ဒုက္ခ, အနတ္တ, ဟုတ်သေးရဲ့လား (မဟုတ်ပါဘုရား)။

ဘယ့်နှယ်ကြောင့် ဉာဏ်ပြောင်းသွားပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ပွားများဖန်များလို့ရင့်တာ (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

## ဝိပဿနာမဂ်ကိုပွားရမယ်

ဘယ်လိုပါလိမ့် . . . (ပွားများဖန်များလို့ ရင့်တာပါဘုရား) ပွားများဖန်များလို့ ရင့်တာဆိုတာ ဒကာ, ဒကာမတို့ သေချာကြ ပလား . . . (သေချာပါပြီ) ဒါဖြင့် မပွားရင်လဲ မရဘူး၊ ဘာဝေတဗ္ဗ ကိစ္စလို့ ဟောလိုက်တယ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဘာဝေတဗ္ဗကိစ္စဆိုတာ မဂ်စစ်ကို ဆိုတာမဟုတ်၊ ဝိပဿ နာမဂ်ကို ဆိုတာ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ပွားများရမယ်ဆိုတာ ဘယ်မဂ်ကို ဆိုတာလဲ (ဝိပဿနာ မဂ်ကို ဆိုတာပါဘုရား)။

## မဂ်စစ်က တစ်ကြိမ်ထဲကျတာ

လောကုတ္တရာမဂ်က တစ်ကြိမ်ထဲကျတာပဲ၊ သူ့ကိုပွားများ လို့ အာသေဝနမှ မဟုတ်တာ . . . (မှန်ပါ့) "အာသေဝန ပစ္စယော" ထဲကို သူမပါတဲ့ဥစ္စာ၊ ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ကဲ. . . ဒါဖြင့် ဒကာဒကာမတွေ ရှေ့ပိုင်း ပွားများနေတာ ဟာ ရင့်အောင်လုပ်နေတယ်ဆိုတာ သေချာပလား (သေချာပါပြီ ဘုရား) ကဲ . . ရင့်ပြီ ယထာဘူတဉာဏ်လဲရတော့ ဒါတွေ ငြီးငွေ့ ငြီးငွေ့ရာကနေပြီး ဒုက္ခသစ္စာလို့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက် ချနိုင် အောင် ရင့်အောင်လုပ်လိုက် ရှင်းပလား (ရှင်းပါပြီဘုရား) ဘယ်လို

ရင့်အောင်လုပ်ရမလဲ (ဒုက္ခသစ္စာလို့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက် ချနိုင်အောင် လုပ်ရပါမယ်ဘုရား)။

အဲဒါ ဒုက္ခသစ္စာ ပိုင်ပိုင်နိုင်နိုင်သိအောင် လုပ်နိုင်လို့ရှိရင် ဒုက္ခသစ္စာ ပိုင်းခြားပြီလို့ ရှေးက ရေးတဲ့ဥစ္စာ ပိုင်ပိုင်နိုင်နိုင် သိတာကို ဆိုသည် . . . (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

ပိုင်ပိုင်နိုင်နိုင်သိတာကို ဒုက္ခသစ္စာ ပိုင်းခြားသိတယ်လို့ ပြောတာပဲ . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် အခု ဒကာဒကာမတွေ အကုန်ပွားရမယ်၊ ဝေဒနာ ရှုတဲ့ပုဂ္ဂိုလ်က ဝေဒနာပွား၊ ဖြစ်ပျက်တွေ ကြပ်ကြပ်ပွား . . . (မှန်ပါ့) စိတ်ရှုတဲ့ပုဂ္ဂိုလ်လဲ စိတ်ဖြစ်ပျက်တွေကို (ကြပ်ကြပ်ပွားရပါမယ် ဘုရား) ပွားရမှာပဲတဲ့၊ ဘာကြောင့်တုံး၊ ဘာဝေတဗ္ဗကိစ္စကိုး (မှန်ပါ့) ဒီ့ပြင် ကိစ္စရှိရဲ့လား . . . (မရှိပါဘုရား) ကိစ္စဆိုတာ အလုပ်ပေါ့ဗျာ . . . ၊ ပွားရမည့် အလုပ်ပါ (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

## ဆုတောင်းလို့မရ

ပွားရမည့်အလုပ်ကို ဆုတောင်းယူလို့ ရပါ့မလား ကိုဝ (မရပါဘုရား) ဟော့ဒါ သူက သက်သေခံတယ် (မှန်ပါ့) ပွားရမည့် အလုပ်ကို ဆုတောင်းယူလို့ မရဘူးလို့ သူက သက်သေခံပြန်တယ် . . . (မှန်ပါ့) ဘာဝေတဗ္ဗကိစ္စကပဲ သက်သေခံတယ်။

မောင်နိုင်- မခံဘူးလား (ခံပါတယ်ဘုရား) ရှင်းကြပလား

(ရှင်းပါပြီ) ဒါဖြင့် အချောင်သမား မရနိုင်ဘူး . . . (မရနိုင်ပါဘုရား) ပွားတဲ့လူရမယ် (ရပါမယ်ဘုရား) သဘောပါပလား . . . (ပါပါပြီ ဘုရား)။

## ဒုက္ခသစ္စာဉာဏ်ထဲထင်လာတယ်

ကောင်းပြီ. . . ဒါဖြင့် ပွားလိုက်တဲ့အခါကျတော့ ဉာဏ်ရင့်တော့ကို ခုနင်က ဖြစ်ပျက်တွေဟာ ဘာသစ္စာရယ်လို့ ဉာဏ်ထဲထင်သလဲ . . . (ဒုက္ခသစ္စာရယ်လို့ ဉာဏ်ထဲထင်ပါတယ်ဘုရား)။

ဒုက္ခသစ္စာလို့ထင်တော့ ခုနင်က ခန္ဓာထဲ အနုသယသဘောနဲ့ ကိန်းနေတဲ့ ဒိဋ္ဌိတို့ ဝိစိကိစ္ဆာတို့က သံသယရှိသေးရဲ့လား . . . (မရှိပါဘုရား)။

ဒိဋ္ဌိက ငါထင်သေးသလား ဒုက္ခသစ္စာလို့ သိသွားတဲ့ အချိန်ကတော့ . . . (မထင်ပါဘုရား) ဒိဋ္ဌိကလဲ မထင် ဟုတ်လား၊ ဝိစိကိစ္ဆာကလဲ သံသယမရှိဘူး . . . (မရှိပါဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား)။

အဲဒီ ဒုက္ခသစ္စာလို့လဲ ပိုင်ပိုင်နိုင်နိုင်သိပါရော ဒိဋ္ဌိဝိစိကိစ္ဆာကလဲ ပြုတ်တယ်၊ ဒုက္ခသစ္စာကလဲ ချုပ်တယ် နှစ်ချက်ချုပ်တယ် (မှန်ပါ့) ဒိဋ္ဌိဝိစိကိစ္ဆာကလဲ (ပြုတ်သွားပါတယ်ဘုရား) ဒုက္ခသစ္စာကလဲ . . . (ချုပ်သွားပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာကပြုတ်၊ ဒုက္ခသစ္စာကြီးက ပိုင်ပိုင်နိုင်နိုင်သိလို့ ချုပ်ဆိုတော့ ကျုပ်တို့ ဉာဏ်သည်. . . တဲ့ နှစ်ဖြတ်-ဖြတ်ချ

လိုက်တယ်၊ ကိလေသာဖြတ်, ခန္ဓာဖြတ်တယ် (မှန်ပါ့) သဘောပါပလား (ပါပါပြီဘုရား) ကိလေသာဖြတ် (ခန္ဓာဖြတ်ပါတယ်ဘုရား)။

## ဒုက္ခမရှိတာနိဗ္ဗာန်

အဲဒါကြောင့် ကိလေသာပယ်, ခန္ဓာပယ်ပြီးသကာလ ခန္ဓာအဆုံးမှာရှိတဲ့ ဩော် . . . ဒုက္ခကိုယ့်မှာ မရှိတော့ပါကလားဆိုတာ သိတဲ့ဉာဏ် ပေါ်လာတယ်၊ မပေါ်လာဘူးလား (ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် ဒုက္ခမရှိတာက ဘာဆိုမယ် . . . (နိဗ္ဗာန်ပါဘုရား) သိတဲ့ဉာဏ်က . . . (မဂ်ပါဘုရား) အဲဒီ မဂ်ဉာဏ်လာပြီးလို့ရှိရင် မဂ်တစ်ကြိမ်ကျပြီးလို့ရှိရင် နောက် ဖိုလ်နှစ်ကြိမ်, သုံးကြိမ်၊ နောက် ပစ္စဝေက္ခဏာဇောများစွာပေါ့ဗျာ . . . (မှန်ပါ့) အဲဒါ နိဗ္ဗာန်ချည့်မြင်တာပဲဆိုတာ **ဖော်တတ်ပြီလား . . . (ဖော်တတ်ပါပြီဘုရား)**။

ဒါဖြင့် အဖုံးနှစ်ချက် လှန်တတ်ကြပလား . . . (လှန်တတ်ပါပြီဘုရား)။

အဝိဇ္ဇာနဲ့ တဏှာလှန်တော့ အနိစ္စတွေ့မယ် (မှန်ပါ့) အနိစ္စကို ပွားများပြီး လှန်လိုက်တဲ့အခါကျတော့ နိရောဓတွေ့မယ် (မှန်ပါ့) သဘောပါကြပ်လား . . . (ပါပါပြီဘုရား) ဒီအတိုင်း လုပ်ရလိမ့်မယ်ဆိုတာ သချာကြပလား . . . (သေချာပါပြီဘုရား)။

ကဲ. . . ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု ။

**ထုတ်ဝေသူ** ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

စာမူခွင့်ပြုချက် ၅၆/၉၆ (၄)

မိုးကုတ်ယောဂီများအတွက်သာ ထုတ်ဝေပါသည်။